ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ သောကြာနေ့ (25-2-2011) (၆၈၉၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကူဝိတ်နိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၅

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ် ဆာဘားအယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၅

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်လ်မိုဟာမက် အယ်လ်အာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၆၅၈)ဦး ရှိသည့်အနက် (၆၅၄)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၃၉) ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူနှင့် ညှိနှိုင်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်း တင်ပြချက်နှင့်စပ်လျဉ်း၍ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

၂၅-၂-၂၀၁၁
(သောကြာနေ့)

စက်မှုနိုင်ငံထူထောင်နိုင်အောင် စွမ်းဆောင်

စက်မှုနိုင်ငံကြီး ထူထောင်နိုင်ရေး အနာဂတ်ရည်မှန်းချက်ထားရှိသည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းတက်လှမ်းရာတွင် အခြေခံလိုအပ်သည့် လျှပ်စစ်စွမ်းအားများ ဖြည့်ဆည်းပေးနိုင်မည့်လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ဖွင့်လှစ်ပေးနေပြီ။

စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပေါ်ထွက်လာစေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို သင့်လျော်သည့် ဒေသများတွင် ထူထောင်ထားရှိနေပြီ။ စက်ရုံ၊ အလုပ်ရုံသစ်များစွာကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်နိုင်နေပြီ။ အကြီးစား စက်မှုလုပ်ငန်းများနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ အရှိန်ရစပြုနေပြီဖြစ်သည်။

ယခုအခါ နိုင်ငံပိုင်စက်ရုံပေါင်း ခြောက်ရာကျော်ရှိနေပြီ။ ပုဂ္ဂလိကကဏ္ဍ စက်မှုလုပ်ငန်းများ တိုးတက်လာလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ စက်မှုဇုန်ပေါင်း ၁၈ဇုန် ထူထောင်ပေးခဲ့ပြီ။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို နည်းပညာနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးအားပေးကူညီလျက်ရှိရာ စက်မှုလုပ်ငန်းပေါင်း ခြောက်သောင်းကျော်အထိ ရှိလာပြီဖြစ်သည်။

အချို့စက်မှုနယ်မြေများတွင် အကြီးစားမော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံများ၊ လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများ၊ စက်နှင့်စက်ကိရိယာထုတ်လုပ်သည့် စက်ရုံများ၊ စက်မှုသင်တန်းကျောင်းများ ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ မကွေးစက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အမှတ်(၃)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံကို မကြာသေးမီက ဖွင့်လှစ်ခဲ့သည်။ တစ်နှစ်လျှင် မော်တော်ယာဉ်အစီးရေ ၅၀၀၀ ခန့်နှင့် မော်တော်ယာဉ်၌ တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သွားမည်ဖြစ်သည်။

မန္တလေးမြို့ရှိ စက်မှုဇုန်(၁)မော်တော်ယာဉ်ထုတ်လုပ်ရေးမှ လိုက်ထရပ်၊ ဂျစ်ပု၊ ဇုန်ဂျစ်ကားများကို အများဆုံးထုတ်လုပ်လျက်ရှိသည်။ အဆိုပါစက်မှုဇုန်မှ မိသားစုစီး လျှပ်စစ်ကားတစ်စီး စမ်းသပ်ထုတ်လုပ်ထားရာမိုင် ၆၀ ခန့်အထိ မောင်းနှင်နိုင်ပြီး တာဝေးမောင်းနှင်နိုင်ရေး ဆက်လက်စမ်းသပ်ရဦးမည်ဖြစ်ကြောင်း သိရသည်။ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်၍ ဈေးကွက်ဝင်ရောင်းချနိုင်ရေး ကြိုးပမ်းကြရပေမည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များထူထောင်၍ ကုန်ပစ္စည်းများ ထုတ်လုပ်နေကြသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။ ဈေးကွက်တွင် နိုင်ငံတကာထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူးနိုင်ရေးအတွက် အရည်အသွေးစံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ စက်ရုံတိုင်းက ဈေးကွက်ဝင် ဝယ်လိုအားရှိသည့် ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားနိုင်ရေး အားထုတ်ဆောင်ရွက်ကြခြင်းဖြင့် စက်မှုနိုင်ငံတော်ဆီ တက်လှမ်းနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် ဂျိုင်း-ဇာသပြင်တံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဘားအံတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေပုတ်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ရေပုတ်ဆည်/တမံ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကလေး အမှတ်(၂)တပ်မတော်ဆေးရုံ၌ လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး သထုံမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမြင့်သိန်း မအူပင်-တွံတေးလမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၇ နာရီခွဲတွင် လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၄)နှင့် မအူပင်ခရိုင်တို့၏ မဲဇလီ-မလက်တိုလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မအူပင်-တွံတေးလမ်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ လုပ်ငန်းအဖွဲ့များက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အပိုင်း မြို့စခန်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီးက ခတ္တိယ-မြဂိုးအပိုင်း ၆ မိုင် ခုနစ်ဖာလုံအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးမှ အဖွဲ့သုံးဖွဲ့ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်က ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက လမ်းလုပ်ငန်းများပြီးစီးနိုင်ရေးစီမံချက်၊ လမ်းအရည်အသွေး၊ လုပ်ငန်း လုပ်ဆောင်မှုစနစ်၊ လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း မအူပင်-တွံတေးလမ်းတွင် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လားရှိုးမြို့နယ် လွယ်လွှမ့်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် နောင်ဖော့ကျေးရွာအုပ်စု လွယ်လွှမ့်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဆန်ကြာတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် နိုင်ငံတော်မှ မတည်ငွေနှင့် အလှူရှင်များ၏ လှူဒါန်းငွေ၊ ၂၁ လက်မ တီဗွီတစ်လုံး၊ EVD စက်တစ်လုံး၊ ရေဒီယိုတစ်လုံး၊ မီးစက်နှင့် စာအုပ်၊ စာစောင်မျိုးစုံတို့ကို တာဝန်ရှိသူများက ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေနှင့် အမြင့် ၁၂ ပေရှိပြီး ကွန်ကရစ်ခင်း၊ သွပ်မိုး၊ အုတ်ပတ်ကား အဆောက်အအုံဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

Computer Tables (Steel Frame)များ တင်သွင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄



ကွန်ပျူတာသုံးစွဲသူများအတွက် လှပသေသပ်ပြီး ခိုင်ခံ့သော Chuangxiang တံဆိပ် Computer Tables များကို Micro Computer Co., Ltd.မှ မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိပြီး ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

Chuangxiang Computer Table သည် Steel Frame ဖြင့် ပြုလုပ်ထားသောကြောင့် သာမန်ကြိတ်သား (MDF) များထက် ပို၍ကြံ့ခိုင်မှုရှိပြီး ယိုင်နဲ့သွားခြင်း၊ ချိုင့်ဝင်သွားခြင်းမရှိကြောင်း၊ မှန်ပါသော Table များတွင်ပါရှိသော မှန်သည်လည်း Tempered Glass ဖြစ်သောကြောင့် ကာလကြာရှည်စွာ အသုံးပြုနိုင်ပြီး မတော်တဆထိခိုက်မှုကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးကို ကာကွယ်ပေးနိုင်ကြောင်း၊ စားပွဲပေါ်တွင်လည်း Mono Laser Printer အရွယ်အစားအထိ တင်ထားနိုင်သော စင်တစ်ခု ထပ်မံပါရှိကြောင်း၊ ကွန်ပျူတာစားပွဲအနေဖြင့် အသုံးပြုနိုင်သကဲ့သို့ ရုံးလုပ်ငန်းသုံးစားပွဲနှင့် စာကြည့်စားပွဲအနေဖြင့်လည်း အသုံးပြုနိုင်ကြောင်း၊ ထို့အပြင် စားပွဲ၏ အောက်ခံဒေါက်သည်လည်း Level မညီသော ကြမ်းပြင်များတွင် အလိုအလျောက် Level ညီအောင် ညှိပေးကြောင်း၊ လှပသော အရောင်အသွေးများရှိပြီး ကြိုက်နှစ်သက်ရာ အရောင်များနှင့် ဒီဇိုင်းများကို ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

HASEE Authorized Service Centre ကို ဖွင့်လှစ်ပြီး HASEE ပစ္စည်းများ၏ Warranty နှင့် Service များကို စိတ်တိုင်းကျ ဆောင်ရွက်ပေးနေသည်။ A- DATA ပစ္စည်းများကို One Year Warranty ပေးထားပြီး တစ်နှစ်အတွင်း Factory Faultကြောင့် ပျက်စီးခဲ့ပါက ထူးခြားသော One-to-One Replacement Warranty ပေးထားသည်။

ဆက်သွယ်မှာယူသုံးစွဲလိုပါက Micro Computer Co., Ltd. အမှတ် (၁၄၃) မြေညီထပ် (၄၆)လမ်း(အပေါ်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၄၅၀၃၊ ၂၀၂၄၅၃ နှင့် ၇၂၁၆၆၈၊ E-Mail : sales @ micromyanmar.com, micro@micro.com.mm နှင့် Website : www. micromyanmar.com တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ အာရှလူငယ်ပန်းချီထူးချွန်ဆုနှင့် ဒုတိယတန်းပညာရည်ချွန်ဆုရရှိသော မောင်စည်းစိမ်လင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ တို့နှင့်အညီ တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များမှာ ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးသာဦး၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင်တို့ ဖြစ်ကြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာ ပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့်

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(ခ)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၁၂ ရက်မြောက်နေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း သရက်မြို့၌ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် တောင်မင်းတည်းရပ်ကွက်၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် သရက်မြို့နယ် မြေစာရင်းဦးစီးဌာနမှ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲစာရင်းကောက်ယူမှုကို မကွေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဆွေ၊ သရက်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ဦး၊ သရက်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ကျော်နိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၄ ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်တို့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

ပင်လယ်ကူးသင်္ဘောသားများအသင်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းက ဖွင့်လှစ်သော Ship's Cook (Upgrade) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အုတ်လမ်းရှိ ယုဇနဟိုတယ် တတိယထပ် MOSA - MTC သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းသားများက Korean Menu, European Menu, Chinese Menu တို့ကို လက်တွေ့ချက်ပြုတ်ပြသကာ စာမေးပွဲဝင်ရောက်ဖြေဆိုကြပြီး အဆိုပါသင်တန်း၌ သင်တန်းသား ၁၉ ဦးနှင့် Pre Sea Saloon Rating သင်တန်းသား ၃၆ ဦး စုစုပေါင်း ၅၅ ဦးတို့ သင်တန်းပြီးမြောက် အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် ဘောလုံးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရန်ပုံငွေ ဘောလုံးပွဲအဖြစ် သရုပ်ဆောင်များဖြင့် ဖွဲ့စည်းထားသော Actor Star Football Club နှင့် ရတနာပုံ FC တို့ မတ် ၂၀ ရက်တွင် မန္တလေးမြို့ ဗထူးကွင်း၌ ကျင်းပမည်ဖြစ်ပြီး အကြိုတွေ့ဆုံပွဲ အခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီတွင် Central Hotel ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား တက်ရောက်လိုသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းအမှတ် (၇၉၇) အခန်း (၁၀၄-ဘီ) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉၊ ၀၉-၆၈၁၈၆၉၃ နှင့် ၀၉-၅၀၃၄၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပလက်ဝမြို့နယ် ပိန္နဲတပင်ကျေးရွာ ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပလက်ဝမြို့နယ် ပိန္နဲတပင်ကျေးရွာ ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမြင့်ဆွေ၊ ပလက်ဝမြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဇွာအုန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောအုန်းတင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယညွှန်ကြားရေးမှူး (စီမံ) နှင့် မြို့နယ်ဥက္ကဋ္ဌတို့က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က စာကြည့်တိုက်အတွက် အလှူငွေနှင့် ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပလက်ဝမြို့နယ် ပိန္နဲတပင်ကျေးရွာ ပညာအလင်းစာကြည့်တိုက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေ၊ ပလက်ဝမြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဇွာအုန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောအုန်းတင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပလျက်ရှိသော စက်ရုပ် မာရသွန်ပြိုင်ပွဲ။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ပထမဆုံး စက်ရုပ်မာရသွန်ပြိုင်ပွဲ ဂျပန်နိုင်ငံ၌ကျင်းပ

တိုကျို ဖေဖော်ဝါရီ ၂၄

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့၌ စက်ရုပ်မာရသွန်ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ကြာသပတေးနေ့တွင် ကျင်းပလျက်ရှိကြောင်း သတင်းများတွင်ဖော်ပြသည်။

ရုံတွင်းပြေးလမ်းတစ်ခု၌ကျင်းပသော ယင်းပြိုင်ပွဲ၌ ခြေထောက်နှစ်ချောင်းပါရှိသော စက်ရုပ်များပါဝင်ယှဉ်ပြိုင်ခဲ့သည်ဟုဆိုသည်။

အမြင့်တစ်ပေရှိပြီး ဘက်ထရီစွမ်းအင်သုံး စက်ရုပ်များအတွက် ပြိုင်ပွဲပြေးလမ်းအရှည်သည် မီတာ ၁၀၀ရှိကြောင်းသတင်းများတွင် ဖော်ပြထားသည်။

အိုဆာကာမြို့၌ကျင်းပသည့် စက်ရုပ်မာရသွန်ပြိုင်ပွဲ သည် စက်ရုပ်များကို အချိန်ကြာမြင့်စွာ သုံးစွဲနိုင်မှုနှင့် ထိန်းချုပ်ရလွယ်ကူမှုကို ဖော်ညွှန်းနေကြောင်း ပြိုင်ပွဲစီစဉ်သူ ဗွီစတုန်း စက်ရုပ်ထုတ်လုပ်မှုနည်းပညာကုမ္ပဏီက ပြောကြားသည်။

ပြိုင်ပွဲ၌ အိုဆာကာအင်ဂျင်နီယာတက္ကသိုလ်မှ စက်ရုပ်အပြေးသမားများ အထနှေးသောကြောင့် ဗွီစတုန်းစက်ရုပ်နည်းပညာကုမ္ပဏီမှ စက်ရုပ်အသင်းက ဦးဆောင်မှုရထားကြောင်း သတင်းတွင် ဖော်ပြသည်။

အိုဆာကာ စက်ရုပ်မာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်အထိ ဆက်လက်ကျင်းပနိုင်ရန် ပွဲစီစဉ်သူများက မျှော်လင့်ထားသည်။

စက်ရုပ်မာရသွန်ပြိုင်ပွဲသည် အနာဂတ်၌ နိုင်ငံတကာပြိုင်ပွဲအဆင့်ထိ ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း ဗွီစတုန်းကုမ္ပဏီ အမှုဆောင်အရာရှိချုပ်က ပြောကြားသည်။ ***အေပီ။***

အငှားကိုယ်ဝန်ဆောင်လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီမှ အမျိုးသမီး ၁၄ဦးကို ထိုင်းရဲတပ်ဖွဲ့ကယ်တင်

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

တရားဥပဒေနှင့်ဆန့်ကျင်၍ လူသားဆန်ခြင်းလည်းမရှိသည့် အငှားကိုယ်ဝန်ဆောင်လုပ်ငန်းလုပ်ကိုင်သော ဒုစရိုက်ဂိုဏ်း၏လက်မှ ဗီယက်နမ်အမျိုးသမီး ၁၄ဦးကို ထိုင်းနိုင်ငံ၌ ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘေဘီ ၁၀၁ ဟူသောအမည်ရှိ အငှားကိုယ်ဝန်ဆောင်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီသည် ကြားအဆက်အသွယ်များထံမှလည်းကောင်း၊ အီလက်ထရွန်နစ်ချောစာများမှ သော်လည်းကောင်း သားသမီးမရှိသည့်ဇနီးမောင်နှံများထံမှ ကလေးအမှာစာများ လက်ခံရရှိထားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဗန်ကောက်မြို့တော်ရှိ လူနေအိမ်နှစ်လုံးမှ ရှာဖွေကယ်တင်နိုင်ခဲ့သော ဗီယက်နမ်အမျိုးသမီး ၁၄ဦးအနက် ခုနစ်ဦးမှာ ကိုယ်ဝန်ဆောင်များဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အမျိုးသမီးကိုးဦးတို့မှာ ကလေးတစ်ဦး အငှားကိုယ်ဝန်ဆောင်ပေးပါက အမေရိကန်ဒေါ်လာ ၅၀၀၀ရမည်ဟူသော ကမ်းလှမ်းချက်ကြောင့် ၎င်းတို့ဆန္ဒအလျောက် သဘောတူညီခဲ့သူများဖြစ်ပြီး လေးဦးမှာ လှည့်ဖြားခံရခြင်းကြောင့် ယင်းလုပ်ငန်းအတွင်း ပါဝင်နေခြင်းဖြစ်သည်။

၎င်းတို့အားလုံး၏ နိုင်ငံကူးလက်မှတ်များကိုလည်း ဘေဘီ ၁၀၁ကုမ္ပဏီက သိမ်းယူထားကြောင်း ထိုင်းနိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူမဆန်သော အငှားကိုယ်ဝန်ဆောင်လုပ်ငန်းနှင့် ပတ်သက်သူရှစ်ဦးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး တရားစွဲဆိုထားကြောင်း သိရသည်။ ***အေအက်ဖ်ပီ။***

ရုရှားက ဒေါ်လာဘီလီယံ ၆၅၀ ဖိုး စစ်လက်နက်များဝယ်ယူမည်ဟုဆို

မော်စကို ဖေဖော်ဝါရီ ၂၄

ရုရှားနိုင်ငံက ၎င်း၏ခေတ်နောက်ကျကျန်ရစ်နေသော တပ်မတော်ကို ခေတ်မီစစ်လက်နက်ပစ္စည်းများတပ်ဆင်ပေးရန်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၅၀ အသုံးပြုမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် စစ်လေယာဉ်အသစ်အစင်း ၆၀၀၊ စစ်သင်္ဘောအစင်း ၁၀၀ နှင့် ရဟတ်ယာဉ် ၁၀၀၀ ဝယ်ယူအင်အားဖြည့်တင်းမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ အေပီသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါ လက်နက်ဝယ်ယူရေး အစီအစဉ်အရ နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောသစ် ရှစ်စင်းနှင့် ရဟတ်ယာဉ်တင်သင်္ဘော နှစ်စင်းဝယ်ယူရန် မျှော်မှန်းထားသည်ဟု ပထမက ဒုတိယကာကွယ်ရေးဝန်ကြီး ဗလာဒီမာပိုပေါ့ကင်၏ ကြေညာချက်ကို ရုရှားသတင်းဌာနများက ကိုးကားဖော်ပြသည်။

ဟောင်းနွမ်းသည့် လက်နက်များ တပ်ဆင်ထားသော ရုရှားလက်နက်ကိုင်တပ်ဖွဲ့များ၌ စစ်သည်အင်အား အဆမတန်များပြားနေစဉ်တွင် အဆိုပါ ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး အနာတိုလီဆာဂျူးကော့ဗ်၏ လူကြိုက်မများလှသည့် တပ်မတော်ပြင်ဆင်ဖွဲ့စည်းရေးအစီအစဉ်အရ အရာရှိ ၂၀၀၀၀၀ ခန့်မှာ အလုပ်လက်မဲ့ဖြစ်ကြရမည်ဖြစ်သည်။

ယင်းအစီအစဉ်သည် မဟာဗျူဟာမြောက်တပ်ဖွဲ့များအပေါ်တွင် ငွေကြေးသုံးစွဲမည်ဖြစ်သော်လည်း နျူကလီးယားလက်နက်များအပေါ် မှီခိုမှုလျော့ပါးစေမည်ဟု လေ့လာဆန်းစစ်သူတို့က ပြောကြားသည်။

သို့သော် လက်နက်အသစ်အဆန်းများကို ကိုင်တွယ်ရန်အတွက် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သောတပ်ဖွဲ့ဝင်များရှိမှသာ အောင်မြင်မှုရရှိမည်ဖြစ်သည်ဟု လေ့လာသူတို့က သတိပေးသည်။

ရုရှားဘဏ္ဍာရေးဝန်ကြီးကလာမည့်နှစ်တွင် တိုင်းပြည်ဂျီဒီပီ၏ ၁ ဒသမ ၅ရာခိုင်နှုန်းကို တပ်မတော်ခေတ်မီစေရန်၊ စစ်ဘက်ဝန်ထမ်းများအားလစာပေးရန်နှင့် အခြားကာကွယ်ရေးစရိတ်များအတွက် အသုံးပြုမည်ဖြစ်ကြောင်း မကြာမီက ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ဂျီဒီပီ၏ သုညဒသမ၅ ရာခိုင်နှုန်းသာ အသုံးပြုသည်ဟု ဆိုသည်။ အေပီ။

ဒိုမီနီကန်နိုင်ငံနှင့် ဟေတီနိုင်ငံတို့၏ နယ်စပ်ဖြတ်ကျော်ရေးစခန်းတွင် ဟေတီရဲတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒိုမီနီကန်တွင် ဟေတီလူကုန်ကူးဂိုဏ်းကိုဖြိုခွင်း

စန်တိုဒိုမင်ဂို ဖေဖော်ဝါရီ ၂၄

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ဟေတီနိုင်ငံသား ဒါဇင်ပေါင်းများစွာအား မြို့တော်၏ လမ်းဆုံလမ်းထောင့်များ၌ တောင်းရမ်းသူများအဖြစ် စေခိုင်း၍ ကိုယ်ကျိုးရှာအမြတ်ထုတ်နေသော လူကုန်ကူးဂိုဏ်းအဖွဲ့ကို ဖြိုခွင်းလိုက်နိုင်ကြောင်း ဒိုမီနီကန်အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ကြေညာသည်။

စန်တိုဒိုမင်ဂိုမြို့အနောက်ပိုင်း ဆင်းရဲသားရပ်ကွက်တစ်ခုအတွင်းရှိ နေ့ကလေးထိန်းကျောင်း အဆောက်အအုံဟောင်း၌ တွေ့ခဲ့ရသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၇၄ ဦးအနက် ၁၀နှစ်မပြည့်သောကလေးတစ်ဦးအပါအဝင် ကလေး၄၄ယောက်ပါဝင်ကြောင်း လူဝင်မှုကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူး ဆစ်ဖရီဒိုပါရက်က ပြောကြားသည်။

နံနက် မိုးလင်းသည်နှင့်၎င်းတို့ကို လူစည်ကားရာလမ်းဆုံများ၌ တောင်းရမ်းရန်၊ မော်တော်ဆိုင်ကယ်လေကာမှန်များကို ဆေးကြောရန်နှင့် အိမ်အစေအပါးလုပ်ရန် စေလွှတ်ကြောင်း၊ ညနေ နေဝင်ချိန်တွင် ၎င်းတို့ကို ပြန်လည်စုရုံးခေါ်ဆောင်လာပြီး ၎င်းတို့ ရသမျှအားလုံးကို သိမ်းယူကြကြောင်း ပါရက်က ပြောသည်။ ဂိုဏ်းခေါင်းဆောင်များဟု ယူဆရသူ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ဟေတီနိုင်ငံသား ၁၀ ဦးကို လူကုန်ကူးသည့် အမှုကျူးလွန်ကြောင်း မသင်္ကာသဖြင့် ဖမ်းဆီးခဲ့သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ကလေးများ ကာကွယ်စောင့်ရှောက်ရေးဌာနက ကလေးများကို ဟေတီရှိ ၎င်းတို့၏မိဘဆွေမျိုးများနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိရန် ကြိုးစားဆောင်ရွက်ကြမည်ဖြစ်သည်။

လူကုန်ကူးသောဂိုဏ်းများလက်တွင်း ရောက်ရှိခဲ့သော ကလေးအများစုသည် ၎င်းတို့၏မိဘများက ငွေကြေး သို့မဟုတ် တစ်စုံတစ်ရာနှင့် လဲလှယ်လိုက်ကြခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ***အေပီ။***

ဆီးရီးယားဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် အီရန်စစ်သင်္ဘောများ။ *(ဓာတ်ပုံ-အင်တာနက်)*



အီရန်စစ်သင်္ဘောများ ဆီးရီးယားသို့ ဆိုက်ကပ်ပြီ

တီဟီရန် ဖေဖော်ဝါရီ ၂၄

အီရန်စစ်သင်္ဘောနှစ်စင်းသည် ဆီးရီးယားနိုင်ငံ လာတာကီယာဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီဖြစ်ကြောင်း အီရန်တပ်မှူးတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားလိုက်ပြီး ယင်းခရီးစဉ်ကို ရန်စမှုအဖြစ် အစ္စရေးတို့၏ ပြစ်တင်ရှုတ်ချခြင်းကိုလည်း ပယ်ချလိုက်သည်။

စူးအက်တူးမြောင်းကို ဖြတ်သန်းပြီးနောက် မြေထဲပင်လယ်အတွင်းရောက်ရှိကာ ဖေဖော်ဝါရီ ၂၃ ရက် ညပိုင်း၌ ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၉ခုနှစ် အစ္စလာမ္မစ်တော်လှန်ရေးနောက်ပိုင်း ဤသို့ အီရန်ရေတပ်သင်္ဘောများ ခရီးထွက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

၎င်းတို့ရေတပ်သင်္ဘောများသည် မည်သည့်စစ်ရေးလေ့ကျင့်မှုတွင်မျှ ပါဝင်မည်မဟုတ်ကြောင်း၊ သို့သော် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ချစ်ခင်ရင်းနှီးမှုနှင့် ငြိမ်းချမ်းမှုကိုပြသရန် အလည်အပတ်သွားရောက်နေမည်ဖြစ်ကြောင်း အီရန်ရေတပ်တပ်မှူးက သတင်းထောက်များကို ပြောကြားခဲ့သည်။ တော်ပီဒိုများ၊ သင်္ဘောဖျက်ဒုံးကျည်များ တင်ဆောင်ထားသည့် တန်ချိန် ၁၅၀၀ ရှိ ဖရီးဂိတ်စစ်သင်္ဘောအဲလ်ဗင်နှင့် တန်ချိန် ၃၃၀၀၀ ရှိထောက်ပံ့ရေးသင်္ဘော "ခတ်က်"တို့သည် ဆီးရီးယားနိုင်ငံ ဗဟိုဆိပ်ကမ်းလာတာကီယာ၌ ဆိုက်ကပ်ခဲ့ကြောင်း အီရန်နိုင်ငံ၏ပရက်စ်တီဗွီဝက်ဆိုက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Engineering Corporation မှ Assistant President Mr. Shou Jinsong သည် ယနေ့ညနေ၆နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုနယ်မြေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Engine Modification စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် မကွေးတိုင်းဒေသကြီး မကွေးစက်မှုနယ်မြေ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Gear & Transmission စက်ရုံမှထုတ်လုပ်မည့် စက်ပစ္စည်းကိစ္စရပ်များအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းဟာပွန်လမ်း တစ်လျှောက် မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညဏ်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ SHINE ဆောက်လုပ်ရေးကုမ္ပဏီ ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Jade Crown Organizing Group က ကြီးမှူး၍ Shine Construction ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Education, Living & Health Care Exhibition ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ပြသမည်ဖြစ်ရာ SHINE Group of Companies မှ အိမ်ရာအရောင်းပြခန်းလည်း ပါဝင်ပြသမည်ဖြစ်သည်။

"မိသားစုတိုင်း အိမ်ပိုင်ဆိုင်ရမည်" ရည်ရွယ်ချက်ဖြင့် SHINE Group of Companies က ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ကွန်ဒိုတိုက်ခန်းများကို အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ရောင်းချ ပေးလျက်ရှိသည်။ တိုက်ခန်းတစ်ခန်းဝယ်ယူလိုပါက ငွေကျပ်ငါးသိန်းသာ ယူဆောင်လာရန်လိုအပ်ပြီး ၂၄ နာရီ ရေ၊ မီး၊ ဓာတ်လှေကား၊ အင်တာနက်၊ ကားရပ်နားရန်နေရာပါရှိသောအဆင့်မြင့်ကွန်ဒို တစ်ခန်း ဝယ်ယူလိုပါက ငွေကျပ် ၁၀သိန်းသာ ယူဆောင်လာရန် လိုအပ်သည်။

အထူးအစီအစဉ်ဖြင့် အဆင့်မြင့်ကွန်ဒို တစ်ခန်း ဝယ်ယူပိုင်ဆိုင်နိုင်ရန်အတွက် ပြပွဲကာလရက်အတွင်း ငွေကျပ်ငါးသောင်းဖြင့် Booking Form ဖြည့်စွက်ပြီး မိမိဝယ်ယူလိုသည့် ကွန်ဒိုတိုက်ခန်းအား ၁၀ လမှ ၂၄လအထိ လစဉ်ငွေပေးချေမှုစနစ်ဖြင့် ငွေပေးသွင်းခွင့်ရရှိနိုင်မည့် အစီအစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြပွဲကာလအတွင်း ကွန်ဒိုတိုက်ခန်းဝယ်ယူအားပေးသော Customer များကို ကျေးဇူးတုံ့ပြန်သောအားဖြင့် နေ့စဉ်လက်ဆောင်များပေးအပ်ပြီး ဗလာမပါကံစမ်းမဲများဖြင့် ဆုများကို ချက်ချင်းချီးမြှင့်ပေးမည်ဖြစ် သည်။

"အိမ်ဝယ်မည်ဆိုပါက ရှိုင်းကို သတိရပါ"ဟူသော ဆောင်ပုဒ်နှင့်အညီ ဝယ်ယူအားပေးသည့် မိဘပြည်သူများ စိတ်ကျေနပ်မှုရရှိစေရန် အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ကျေးဇူးတုံ့ပြန်လျက်ရှိပြီး ဆက်သွယ်လိုပါက SHINE Group of Companies အမှတ်(၂၉) ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၃၄၀ ~ ၄၄အထိ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Education, Living & Health Care Exhibition ပြပွဲတွင် SHINE Group of Companies ပါဝင်ပြသစဉ်။ (သတင်းစဉ်)

တူဒေးစာအုပ်ဆိုင်သစ်နှင့် ရုံးချုပ်သစ်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၄

တူဒေးစာအုပ်ဆိုင်သစ်နှင့် ရုံးချုပ်သစ်ကို အမှတ်(၅၁၄/၅၁၆)ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၈၀၁၆၆၊ ၀၉-၇၃၁၅၀၃၆၂၌ ဖွင့်လှစ်ပြီး ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် တူဒေးတိုက်ထုတ်စာအုပ်များကို ၁၅ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဖေဖော်ဝါရီ ၂၁မှ ၂၈ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ဒေါက်တာ မိုဟာမက် အယ်လ်ဆာဘား အယ်လ်ဆလမ် အယ်လ်ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၂-၂၀၁၁ (သောကြာနေ့)
(၁၃၇၂ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅ ၈။ အတီးပြိုင်ပွဲ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ နှောင်းခေတ်တေးပဒေသာ
၄း၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာစာ၊ မြန်မာမှုပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင် အထူးပြုများ)(သမိုင်း)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၁၀ ၈။ တေးဂီတအစီအစဉ်
၅း၂၀ ၉။ "ပျော်စရာကမ္ဘာသို့"
၅း၃၅ ၁၀။ **"ရိုးသားဖြူစင်ကလေးတို့အသွင်"**
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၁၄)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "လျှပ်တစ်ပြက်ဟာသများ"
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၃၁)**
၂၀။ သီချင်းချစ်သူ (ငယ်ငယ်)
၂၁။ အစီအစဉ်ပြီး၏။

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့်တာမွေမြို့နယ် မီးသတ်စခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊မီးငြိမ်းသတ်ရေးလုပ်ငန်းဆောင်ရွက်ရန် အမြဲအသင့်ရှိရေး၊ အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အမြဲထိတွေ့အကူအညီပေးရေး၊ သင့်(၄)သင့်ဖြစ်သော ယာဉ်/စက်အသင့်၊ လူအသင့်၊ စက်သုံးဆီအသင့်၊ ရေအသင့်ရှိရေးတို့ကို မှာကြားကာ မီးသတ်စခန်းအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မီးသတ်တပ်ဖွဲ့နည်းပညာနှင့်သုတေသနအဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်းမမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

မီးသတ်ဦးစီးဌာန။

ပါမောက္ခဦးကျော်ညွန့် (ငြိမ်း)၏ သင်္ဘောအရာရှိလက်စွဲစာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စာရေးဆရာ ပါမောက္ခ ဦးကျော်ညွန့် (ငြိမ်း)၏ သင်္ဘောအရာရှိလက်စွဲ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ရေကြောင်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများဖြင့် နှစ်ပေါင်း ၃၀ နီးပါး ထိတွေ့ကျင်လည်ခဲ့သည့် စာရေးသူ၏ အတွေ့အကြုံများအပေါ်အခြေခံကာ သုတေသနပြုဆန်းစစ်တင်ပြထားသော စာအုပ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေထုဧရိယာ အများဆုံးဖြစ်သလို ကမ္ဘာတစ်ဝန်းလုံး၌ ရေကြောင်းဖြင့် ကုန်သွယ်စီးပွားလုပ်ငန်းကိုလည်း ကျယ်ပြန့်စွာလုပ်ကိုင်နေကြသည်။ ရေပြင်ပိုင်နက် သင်္ဘောဆိပ်ကမ်းများစွာရှိသော မြန်မာနိုင်ငံအနေနှင့်လည်း ပြည်တွင်းပြည်ပ ရေကြောင်းသွားလာမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နိုင်ငံတကာရေကြောင်း ကူးသန်းသွားလာရာတွင် လိုက်နာရမည့်၊ ရှောင်ကြဉ်ရမည့် အကြောင်းအချက်များကို သိရှိနားလည်ထားရန် လိုအပ်သည်။

နိုင်ငံတကာ ရေပြင်ပိုင်နက်ထဲတွင် ကမ်းမမြင် လမ်းမမြင် ခုတ်မောင်းသွားလာရသူများအနေနှင့် နိုင်ငံတကာက လိုက်နာကျင့်သုံးလျက်ရှိသော ကုန်သွယ်ရေကြောင်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆောင်တာများကို ကျေညက်သိရှိထားသင့်သလို ပင်လယ်ဓားပြများ၏ အန္တရာယ်များကိုလည်း မည်သို့ ရှောင်ကွင်းကျော်လွှားရမည်တို့ကို သိထားပါမှ မိမိတို့ အသက်အန္တရာယ်ကိုပါ ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်ရေကြောင်း ကူးသန်းသွားလာမှုနှင့် ဆက်စပ်နေသူများအတွက် လုပ်ငန်းဆောင်တာ အဝဝ၌ ချောမွေ့စေရန် ရည်ရွယ်ပြုစုတင်ပြထားသော စာအုပ်ဖြစ်သည်။ ကုန်သင်္ဘော၏ ဖွဲ့စည်းပုံများ၊ သင်္ဘောငှားရမ်းခြင်းကိစ္စများ၊ သင်္ဘောကုန်တင်ခြင်းကိစ္စများ၊ ရေကြောင်းအာမခံကိစ္စများ၊ သင်္ဘောနှင့် ကုန်စည်များကို ကယ်ဆယ်ခြင်းကိစ္စများ၊ ဆိပ်ကမ်းနှင့် သင်္ဘောလုံခြုံရေးကိစ္စများ၊ ရေကြောင်းဆိုင်ရာ အမှုအခင်းကိစ္စများ၊ ပင်လယ်ဓားပြနှိမ်နင်းရေးနှင့် ပင်လယ်ပြင်လုံခြုံရေးကို ကာကွယ်ဖြေရှင်းခြင်းကိစ္စများ အစရှိသည်တို့နှင့်စပ်ဆိုင်သော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးလုပ်ဆောင်ဖွယ်များကို စုစည်းဖော်ပြထားပြီး မိမိတို့လုပ်ငန်းတာဝန်များ ထမ်းရွက်ရာတွင် လစ်ဟာမှုမရှိရအောင် ဖြစ်ရပ်အခြေအနေများပါ ဖော်ပြသည့်အပြင် အန္တရာယ်အခက်အခဲများကို မည်သို့မည်ပုံ ဖြတ်ကျော်ရမည်တို့ကို ဆွေးနွေးသုံးသပ် အကြံပြု တင်ပြထားခြင်းဖြစ်သည်။

အဆိုပါစာအုပ်ကို Wisdom House စာအုပ်တိုက်အမှတ်(၁၀၁) တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၈၅၃၃၊ ၀၁-၅၄၅၀၃၆နှင့် ၀၉-၄၉၂၈၈၉၄၈တို့မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၄၀၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရွှေမင်းဝံစက်မှုဇုန်နှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဆက်သွယ်သည့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသူရိန်ဝင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၃ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးစိုးနိုင်နှင့် အင်ဂျင်နီယာမှူးဦးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဦးကျော်ရွှေ(ညွှန်ကြားရေးမှူး၊ လဝက)သည် ကစားဖော်များဖြစ်ကြသော ဦးညွန့်ဝေ၊ ဦးပိုင်ဖုန်းဝင့် တို့နှင့်အတူ ဖေဖော်ဝါရီ ၂၂ရက်တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ၉ ကျင်း ကွင်းပတ်ကစားစဉ် ကျင်းအမှတ်(၃)နှင့် ကွင်းအမှတ်(၈)တို့၌ တစ်ချက်တည်းဖြင့်ကျင်းဝင်ခဲ့ကြောင်း သိရသည်။

၎င်းသည် Titleist (Pro V 1) No:4 ဖြင့်ကျင်းအမှတ်(၃)၁၆၆ကိုက် အကွာအဝေးကို Honma No: 8 တုတ်ဖြင့်လည်းကောင်း၊ ကျင်းအမှတ်(၈)ကိုက် ၁၅၀အကွာအဝေးကို Honma No: 9 တုတ်ဖြင့်လည်းကောင်း ရိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ရက်တည်းဖြင့် တစ်ချက်တည်းကျင်းဝင်နှစ်ကြိမ်ရရှိခဲ့သည့် ဦးကျော်ရွှေအား နေပြည်တော်မြို့တော်ဂေါက်ကွင်းက မှတ်တမ်းတင်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြောင်းလဲလာသော သွားဘက်ဆိုင်ရာများ

ဒေါက်တာ မိုလာ

ပြောင်းလဲခြင်းဟူသည် နေရာတိုင်း၊ အခြေအနေတိုင်း၊ အဖြစ်အပျက်တိုင်းတွင် စက္ကန့်နှင့်အမျှ အမြဲတမ်းလျှင်မြန်စွာဖြစ်ပေါ်နေပါသည်။သွားဘက်ဆိုင်ရာပြောင်းလဲမှုကို လိုက်နာကျင့်သုံးနေထိုင်ခြင်းသည် လူသားတို့၏ ဘဝသက်တမ်းဆွဲဆန့်နိုင်ရေးအတွက် တစ်စိတ်တစ်ပိုင်းမှ အရေးပါသော ကျန်းမာရေးစောင့်ရှောက်မှုနည်းဖြစ်ပါသည်။ အသစ်အသစ်တို့ ပိုမိုတိုးတက်ဖြစ်ပေါ်လာပြီး အသုံးမဝင်၊ မကောင်းသောအဟောင်းတို့သည် ပိုဝေးကွာသထက် ဝေးကွာမှုသို့ရောက်ရှိလာပါပြီ။ သွားဘက်ဆိုင်ရာပြောင်းလဲမှုကို သိရှိသဘောပေါက်သင့်သောအချက်များကို နားလည်လာပါက အစဉ်အလာယုံကြည်မှုကို ဖယ်ရှားပပျောက်နိုင်မည်ဖြစ်သည်။ သို့မှသာ ခံတွင်းကျန်းမာရေးကောင်းမွန်မှုကြောင့် ခန္ဓာကိုယ်အတွင်းကျန်းမာရေးကောင်းမွန်မှုကို ရရှိခံစားရပေမည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က သတ်မှတ်ထားသော ခံတွင်းကျန်းမာရေးသည် ပါးစပ်ထဲတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများမရှိ၊ ကင်ဆာရောဂါ၊ နာတာရှည်ရောဂါ၊ သွားဖုံးရောဂါများလည်းမရှိ၊ သွားပိုးစားရောဂါ၊ သွားနုတ်ထားခြင်းမရှိ၊ ရောင်ခြင်း၊ နာခြင်းမရှိ၊ တခြားသော ပုံမမှန်များလည်း မရှိခြင်းနှင့်အတူ သွားသည် သွားလေးအတိုင်းကျန်းမာနေလျှင် ခံတွင်းကျန်းမာရေး ကောင်းမွန်သည်ဟု သတ်မှတ်ပါသည်။

သွားဘက်ဆိုင်ရာ ရောဂါဝေဒနာများသည် ဖွဲ့နွဲ့ရေးရန်ခက်ခဲသော ခံစားချက်များဟု ဆိုချင်ပါသည်။ အရွယ်မရွေး၊ အင်အားကြီးငယ်မဟူ နာခြင်း၊ ကိုက်ခြင်းကြောင့် မျက်ရည်တောက်တောက်ကျရပါသည်။ ခံစားရဖူးသူသည် ပို၍တွေ့ကြုံသိရှိကြပါသည်။ ဘာသာပြန်ရန်ခက်ခဲလှပါသည်။ အိပ်၍မရ၊ ထိုင်မနေနိုင်၊ စားသောက်မရနှင့် ခံစားမှုပေါင်းများစွာမှသည် ဒေါသမျိုးစုံပြည့်နေပါသည်။ ဦးခေါင်းနှင့်နီး၍ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဦးခေါင်းကိုပင် ဖြတ်ပစ်ချင်လာပါသည်။ မနာဖူး၊ မကိုက်ဖူးသူများမသိရှိပါ။ နားမလည်ခဲ့လို့လည်း သွားအပေါ်ထားရှိသော တန်ဖိုးသဘောထားများ ကျဆင်းခဲ့ပါသည်။ သွားတစ်ချောင်းမရှိလျှင် နောက်တစ်ချောင်းရှိနေ၍ ဖြစ်ပေမည်။ ငွေရှိလျှင်သွားတုရမည်ဟု ထင်နေကြပါသည်။ သွားတစ်ချောင်းမျှ မကျန်ခဲ့လျှင်တောင် သွားတုနှင့်နေမည်ဟု တွေးထား၍ ဖြစ်ပေမည်။ သွားတုအသုံးပြုသူများသည် သွားအစစ်၏ တန်ဖိုး၊ ရလဒ်၊ အသုံးဝင်မှုကို နားလည်ကြပါသည်။ လူတို့၏ အာသီသကိုဝယ်၍မရနိုင်ပါ။ အတုသည် အစစ်ကို တုပခြင်းသာဖြစ်၍ အတုသည်အစစ်မဖြစ်နိုင်ပါ။ ထို့ကြောင့် မိခင်မွေးကတည်းကပါလာသော သွားများကို မပျက်စီး၊ မကျိုးမနုတ်၊ မဆုံးရှုံးရလေအောင်ငွေမကုန်၊ အချိန်များများမပေး၊ နည်းပညာမခက်ခဲ လုပ်ရသည်မှာ မပင်ပန်းသော သွားဂရုစိုက်နည်းကို ပုံမှန်၊ စနစ်မှန် လုပ်ဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးရန်ကား လိုအပ်နေပါသည်။ **မိမိ၏သွားများ ပျက်စီးဆုံးရှုံးခဲ့လျှင် နောင်ကြီးပြင်းလာမည့်ကလေးများအတွက် နေ့စဉ်လုပ်ဆောင်ပေးရမည့် ဓလေ့အဖြစ် လူကြီးများမှ လမ်းညွှန်သင်ကြားပေးရန် လိုအပ်ပါသည်။**

သွားဆွေးခြင်း(သို့မဟုတ်) သွားပိုးစားခြင်း

ဘီစီ ၅၀၀ကတည်းက သစ်သားများကို ပိုးစား၍ အပေါက်ဖြစ်သကဲ့သို့ပင် သွားများကို ပိုးစားသောကြောင့် သွားပိုးစားပေါက်ဖြစ်ရသည်ဟု ယုံကြည်လက်ခံခဲ့ပါ၏။ ယခုထက်တိုင် တချို့ယုံကြည်နေဆဲဖြစ်နေပါသည်။

ဝက်သားအသားကို ဝါးကျည်တောက်အတွင်း လေလုံရန် စီမံပြီး ခြောက်ရက်ခန့် ရေထဲတွင် စိမ်ထားပါ။ ရက်အတန်ကြာသော် ပိုးကောင်လေးများ ဖြစ်လာပါသည်။ လမ်းဘေးဈေးရောင်းသူများက သွားပိုးစားကောင်များဟု လက်တွေ့ထင်ရှားစွာပြသ၍ သွားပိုးချ ဆေးများရောင်းချခဲ့ပါသည်။

ယခုအခါ သွားသည် သွားပိုးကြောင့်အပေါက် ဖြစ်လာသည်မဟုတ်။ သွားမျက်နှာပြင်များ ဆွေးမြည့်ရာမှ အပေါက်ဖြစ်လာသည်ဟု ဆိုလာပါသည်။ သွားမျက်နှာပြင်၌ ရှိနေသော စားကြွင်းစားကျန်များသည် သွားမတိုက်၊ မသန့်စင်သောအခါ အချိန်ကြာလာသည်နှင့်အမျှ အချဉ်ဖောက်နည်းဖြစ်စဉ်ကြောင့် သွားပေါ်မှ ကြွေသွားလွှာများ ဆွေးမြည့်လာပြီး အပေါက်ဖြစ်သွားပါသည်။ သွားပေါက်အတွင်းသို့ ဗက်တီးရီးယားဝင်ရောက်ပြီးမှ သွားကိုက်၊ သွားနာခြင်းနှင့်အတူ သွားမြစ်ထိပ် ရောင်ရမ်းခြင်း၊ ပြည်တည်ခြင်း၊ သွားနာခြင်း၊ မေးရိုးရောင်ရမ်းခြင်း၊ သွားဖုံးရောင်ခြင်း၊ မျက်နှာရောင်ခြင်း၊ ပါးစပ်ဟမရခြင်း၊ အစာစား၍ မရခြင်း၊ အိပ်မရခြင်းဝေဒနာများ ခံစားလာရပါသည်။ ပဋိဇီဝဆေးများ မပေါ်မီက သွားဘက်ဆိုင်ရာရောဂါကြောင့် အသက်ဆုံးရှုံးသည် အထိ ဖြစ်ခဲ့ပါသည်။

သွားကုသခြင်း

ယခင်က သွားနှင့် သွားဖုံးရောဂါမှ ဖြစ်ပေါ်လာသော ခံစားမှုများကို ပျောက်ပျက်ရန် ကုသနည်းသည် သွားနုတ်လိုက်ခြင်းဖြစ်သည်။ သွားနုတ်ခြင်းသည် ဖြစ်ပေါ်နေသော ရောဂါဝေဒနာကို မခံစားရ၍ သွားနုတ်ခြင်းသည်သာလျှင် အဓိက ကုထုံးဖြစ်ခဲ့ပါသည်။

ယခုအခါ သွားနှင့် သွားရောင်ရောဂါများကို ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းများနှင့် ပြောင်းလဲလာပါသည်။ သွားကိုက်တိုင်း၊ နာတိုင်း သွားကိုမနုတ်တော့ပါ။သာမန်အနေအထားအရ ခေါင်းကိုက်တိုင်း ခေါင်းမဖြတ်ပါ။ ဗိုက်အောင့်တိုင်း ဗိုက်မခွဲပါ။ လိုအပ်သည့်အခါကျမှသာလျှင် ခွဲစိတ်ကုသခြင်းလုပ်ရပါသည်။ ထို့အတူ သွားကိုက်တိုင်း သွားနုတ်ရန် မစဉ်းစားပေးတော့ပါ။ သွားမြစ်တွင်း ကုသထုံး (Root Canal Therapy)သည် အောင်မြင်မှုနှင့် တွင်ကျယ်လာပါပြီ။ အရပ်ထဲတွင် သွားအကြောထုတ်သည်ဟု နားလည်ကြပါသည်။ အကြောထုတ်ခြင်းမဟုတ်၊ သွားမြစ်တွင်းရှိ ရောဂါရှိနေသော အခြေအနေကို ကုသခြင်းဖြစ်ပါသည်။ သွားဖုံးရောင်ရောဂါကြောင့် သွားလှုပ်လာခဲ့လျှင် လွယ်လင့်တကူ သွားမနုတ်တော့ပါ။ ဆေးစားခြင်း၊ ဆရာဝန်ညွှန်ကြားချက်လိုက်နာခြင်း၊ သွားဖုံးရောင်စေနိုင်သော အချက်များကို ဖယ်ရှားခြင်းဖြင့် ဆောလျင်စွာကုသနိုင်လျှင်



သွားမနုတ်ရတော့ပါ။ မည်သည့်အခြေအနေတွင်မဆို နောက်ကျလျှင် နောက်ကျသည့် ဆိုးကျိုးရှိပါသည်။ သွားလုံးဝမနုတ်ရတော့ပါဟူသောအချက်မှာ မဖြစ်နိုင်သေးပါ။

သွားစိုက်ခြင်း

ယခင်က သွားစိုက်ခြင်းကို ဖြုတ်ရ၊ တပ်ရလွယ်ကူသော အရှင်စိုက်နည်းနှင့် ချွတ်မရနိုင်သော အသေစိုက်နည်းဟူ၍ ရှိပါသည်။ သွားနုတ်ထားသူများ ထိုနည်းထဲမှ တစ်နည်းမဟုတ် တစ်နည်းအသုံးပြုနေကြပါသည်။ အရှင်စိုက်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများရှိသကဲ့သို့ အသေစိုက်ခြင်းအတွက်လည်း ဆိုးကျိုး၊ ကောင်းကျိုးရှိပါသည်။ မည်သည့်နည်းပင်သုံးသုံး စနစ်မှန် သွားစိုက်ခြင်း၊ စနစ်မှန်အသုံးပြုခြင်း၊ စစ်ဆေးပြသခြင်းရှိနေလျှင် သွားစိုက်ခြင်းကြောင့် ကောင်းမွန်သော ကျန်ရှိသွားများ မပျက်စီးနိုင်တော့ပါ။ သွားစိုက်ခြင်း၏ အကျိုးသည် ကျန်ရှိနေသော သွားများ မပျက်စီးရေး၊ ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်ရှိ အစားအစာများကို စားသောက်နိုင်ရေး အတွက် ဖြစ်ပါသည်။ သွားမစိုက်သည့် ဆိုးကျိုးသာရှိပြီး သွားစိုက်သည့် ဆိုးကျိုးများမရှိပါ။

ယခုအခါ သွားစိုက်သည်ဟူသော ဝေါဟာရနှင့်အညီ နုတ်ထားသောနေရာ၌ပင် မေးရိုးအတွင်း ဝက်အူစုပ်စိုက်နည်းကို အောင်မြင်စွာ အသုံးပြုလာပါပြီ။ ဆုံးရှုံးသွားသောနေရာတွင် အသစ်ပြန်လည် ထည့်ယူခြင်းဖြစ်၍ ပို၍ ပျက်စီးဆုံးရှုံးစရာ မရှိတော့ပါ။ နည်းပညာ၊ ငွေကြေးကုန်ကျမှု၊ ပစ္စည်းကိရိယာ၊ လူနာ၏ ခံတွင်းသန့်ရှင်းမှု၊ ဂရုစိုက်မှု၊ ခန္ဓာကိုယ်တွင်း ရောဂါရှိမှုတို့နှင့်သာ ဆိုင်နေ၍ လူတိုင်း မပြုလုပ်နိုင်သေးပါ။

သွားဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ

ယခင်က ကျန်းမာရေး စောင့်ရှောက်မှုများကို ဘုန်းတော်ကြီးကျောင်းများတွင် ဆေးကုသ၊ ခွဲစိတ်မှုများ ပြုလုပ်ရာမှ ဘုန်းတော်ကြီးများ သွေးနှင့် မသင့်တော်သည့်အတွက် ဘုန်းတော်ကြီးအကူများက ကုသခွဲစိတ်လာပါသည်။ သွားဘက်ဆိုင်ရာကုသမှုများအတွက် လက်အိတ်မလို၊ ကြုံသောနေရာတွင် ကြုံသလို ကုသခဲ့ကြပါသည်။

ယခုအခါ သွားဘက်ဆိုင်ရာ ကုသမှုများသည် အချိန်ပေး၍ ကုသလာပါသည်။ သွားနုတ်ရသည်မှာ ခက်ခဲပြီး ကြာနိုင်သည်ဟု ယူဆပါက ခွဲစိတ်ခန်း၌ ပြောင်းလဲနုတ်လာကြပါသည်။ ရောဂါပိုးမွှားနှင့်ကူးစက်ပျံ့နှံ့မှု ဖြစ်စဉ်များသည် သွေးနှင့်နွယ်၍ ဖြစ်တတ်သည်ဟု တွေ့ရှိလာပြီးနောက် တစ်ခါသုံးပစ္စည်းများကို ဦးစားပေး ရွေးချယ်လာပါသည်။ သွားဘက်ဆိုင်ရာကုသမှုများသည် စိုးရိမ်ကြောင့်ကြမှုနှင့်ဆက်စပ်သည်ဖြစ်၍ ဆေးခန်းနှင့်မတူအောင် ပြုပြင်လာကြခြင်း၊ သီချင်းအသံများနှင့် စိတ်ငြိမ်စေခြင်း၊ မွှေးရနံ့နှင့် ဆွဲဆောင်ခြင်း၊ ဗီဒီယိုများနှင့် ခံစားစေခြင်း စသည်ဖြင့် ပြောင်းလဲပြင်ဆင်လာပါသည်။ သွားဘက်ဆိုင်ရာလူနာများသည် ကူးစက်ရောဂါကိုကြောက်၍ သွားဆေးခန်းများသို့ စစ်ဆေးပြသရန် ဝန်လေးနေကြပါသည်။ သွားဆရာဝန်သည် လူနာပေါင်းစုံနှင့် နေ့စဉ်နှင့်အမျှ ထိတွေ့ဆက်ဆံနေရ၍ သွားဆရာဝန်များသည် လူနာများ၏ ကူးစက်ရောဂါကို ပိုကြောက်ကြပါသည်။ တချို့နိုင်ငံများတွင် သွားဆရာဝန်ဘဝမှပင် စွန့်လွှတ်ကုန်ကြပါသည်။ ကျန်းမာရေးကို ကြောက်သောအခါ ကျန်းမာရေးကို ထိခိုက်စေသည်ဟူသော စကားလေးရှိပါသည်။ သွားရောဂါပြသလျှင် ကူးစက်ရောဂါကို ကြောက်နေခြင်းကြောင့် မပြသရာမှ မိမိ၏ သွားရောဂါများကို ပို၍ပျက်စီးစေနိုင်ပါသည်။ သွားဘက်ဆိုင်ရာ ကူးစက်မှုများကို စနစ်မှန် ထိန်းချုပ်ရေးသည် ဆရာဝန်၏တာဝန်ဖြစ်ပြီး မိမိ၌ရှိနေသော ရောဂါကို ကြိုတင်ကာကွယ်စစ်ဆေးခြင်းသည် လူနာ၏ တာဝန်ဖြစ်ပါသည်။ မပြသမီ သို့လော၊ သို့လောနှင့် တွေဝေနေခြင်း၊ မသိနားမလည်သူများ၏ ပြောစကားများ ယုံကြည်ခြင်း၊ စနစ်မှန် သွားကုသနည်းကို အသုံးမပြုခြင်းကြောင့် သွားများပျက်စီး၍ ကုသမှုနောက်ကျတတ်ပါသည်။ **ယခုအခါ၌ သွားဘက်ဆိုင်ရာ တစ်ခါသုံးအသုံးအဆောင် ပစ္စည်းကိရိယာများ ပေါ်များလာပြီဖြစ်ပါ၍ ယုံကြည်စိတ်ချစွာ စစ်ဆေးပြသနိုင်ပါကြောင်း အသိပေးလိုပါသည်။**

ခံတွင်းနှင့် ခန္ဓာကိုယ်ဆက်စပ်မှုများ

ယခင်ကသွားသည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုအနေနှင့်သာ လက်ခံခဲ့ကြပါသည်။ သွားသည် ခန္ဓာကိုယ်အတွက် အစားအစာကို ကြိတ်ဝါးမှုအတွက်လည်းကောင်း၊ မျက်နှာ၏ အလှအတွက်လည်းကောင်း၊ အသံအနေအထားရွတ်ဆိုမှု ပီသရန်အတွက်လည်းကောင်း အထောက်အကူပြုသည်ဟုသာ ရှိခဲ့ပါသည်။ ယခုအခါ သွားနှင့် သွားဖုံးရောင်ရောဂါမှတစ်ဆင့် ခန္ဓာကိုယ်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နှလုံးရောင်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ လေဖြတ်ခြင်း၊ အရိုးပွခြင်း၊ အမျိုးသမီးများအတွက် ကိုယ်ဝန်ဆောင်နောက်ဆက်တွဲပြဿနာများ(ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးဆောလျင်စွာ မွေးခြင်း၊ ပေါင်ချိန်မပြည့်ခြင်း)တို့ ဖြစ်လာနိုင်သောဆက်စပ်မှုများရှိလာပါသည်။ ဆက်စပ်မှုကြောင့် သွားဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများသည် ခံတွင်းကျန်းမာရေးဆိုသော ဝေါဟာရကို အလေးထားလာရန် လိုအပ်လာပါပြီ။ စမ်းသပ်ချက်တွင် ကိုယ်ဝန်ဆောင် မိခင်အား ခံတွင်းဗက်တီးရီးယား အနည်းငယ်ခန့်ကို အကြောထဲ ထိုးသွင်းသောအခါ ၁၅ရာခိုင်နှုန်းသည် ကလေး ပျက်ကျခြင်း၊ ၃၀ ရာခိုင်နှုန်းသည် ကလေးပုံမမှန်မွေးခြင်း ရလဒ်ကို ရရှိခဲ့ပါသည်။ ဗက်တီးရီးယားပမာဏများများ ထိုးသွင်းသောအခါ၌ ကိုယ်ဝန်ဆောင်မိခင်၌ ကလေးပျက်ကျသည်ကို တွေ့ရှိလာပါသည်။

သွားအလှ-မျက်နှာအလှ

ယခင်က လိုအပ်သည့်အရာများကို အခြေခံသည့် သွားဘက်ဆိုင်ရာနည်းပညာဖြစ်၍ သွားဘက်ဆိုင်ရာ ရောဂါများကို ကုသခြင်းသာ ဦးစားပေးတွေးခေါ် ပြုပြင်ခဲ့သည်။

ယခုအခါ လိုချင်သည့်အရာများကို အခြေခံသည့် သွားဘက်ဆိုင်ရာ နည်းပညာဖြစ်လာပါသည်။ ကုသထုံးများ လွန်စွာအောင်မြင်လာပြီဖြစ်၍ ကြိုတင်ကာကွယ်ခြင်းနှင့်အတူ သွားနှင့် မျက်နှာဆက်စပ်နေ၍သွားအလှဆင်ခြင်းများကို ပို၍ ပြောင်းလဲပြုပြင်လာကြပါသည်။ သွားတွင်စိန်ထည့်ခြင်း၊ သွားဖြူအောင်လုပ်ခြင်းနှင့် သွားအလှဆင်နည်းပညာကိုပါ ပြုလုပ်လာပါသည်။

ရှေးဘိုခရိုင်၏ ဟန်လင်းမြို့ဟောင်း တူးဖော်သောအခါ ရှေးမြန်မာတို့သည့် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် သွားပေါ်တွင်ရွှေကပ်အလှဆင်နည်းပညာထွန်းကားခဲ့သည်ကို မေးရိုးနှင့် သွားကိုတွေ့ရှိ၍ ကမ္ဘာမှာ မြန်မာသည် သွားအလှဆင်နည်းပညာ ဆောလျင်စွာထွန်းကားခဲ့သည်ကို သိရှိနိုင်သည်။ မည်သို့သွားမျက်နှာပြင်ကို ထွင်း၍ကပ်သည်ဟူသော နည်းပညာကို မသိရှိခဲ့ပါ။

သွားညှိပညာရပ်တွင်လည်း သွားနှင့် မေးရိုးအနေအထားအရ ရှေ့ထွက်နေခြင်း၊ နောက်ဝင်နေခြင်း၊ကျဲနေခြင်း၊ လန်နေခြင်း၊ စောင်းနေခြင်း၊ မညီညာခြင်း၊ မလှပခြင်းကို ညီညာလှပစေရန် ပြန်ပြင်သည့် နည်းပညာရပ်ဖြစ်၏။ ပြုပြင်လိုက်သည့် အကျိုးကျေးဇူးသည် မျက်နှာအလှ၊ သွားအလှကို ကောင်းမွန်ရုံတင်မက သွားနှင့်ခံတွင်း၏ ကျန်းမာရေးပျက်စေသော အစားညပ်ခြင်း၊ သွားပိုးစားခြင်း၊ ကြိတ်ဝါးမှုမညီညာခြင်း၊ အစာမကြေခြင်း၊ မေးရိုးအဆစ်များ နာခြင်းမှလည်း ပပျောက်စေနိုင်ပါသည်။

သွားနှင့်ခံတွင်းသန့်ရှင်းခြင်း

ယခင်က သွားနှင့်ခံတွင်းကို ဆား၊ မီးသွေး၊ ပြာမှုန့်တို့သုံး၍ ပွတ်တိုက်ခြင်း၊ ရေနှင့် ပလုတ်ကျင်းခြင်း၊ သစ်ကိုင်းကိုထောင်း၍ သွားတိုက်တံအဖြစ် အသုံးပြုခြင်းဖြင့် သွားမျက်နှာပြင် သန့်ရှင်းရေးလုပ်ခဲ့ကြပါသည်။ သွားတိုက်တံပေါ်များစွာ သုံးလာသော်လည်း ပွဲလမ်းသဘင်သွားခါနီးအချိန်၌သာ အသုံးပြုကြသည်။ မင်းတုန်းမင်းကြီးသည် နေ့စဉ် ရေမချိုးသော်လည်း နေ့စဉ်နံနက်တိုင်း သွားတိုက်သည်ဟုဆိုပါသည်။ ငယ်စဉ်က ဖတ်စာအုပ်တွင် နံနက်စောစောအိပ်ရာထ၊ မျက်နှာသစ်၊ သွားတိုက်ဆောင်ပုဒ်အစဉ်အလာအတိုင်း လူတိုင်းထိုအပြုအမူကို ပြုလုပ်ခဲ့ကြပါသည်။ သွားတိုက်သည့်အခါတွင်လည်း ကန့်လန့်ဖြတ် သွားတိုက်နည်းကိုသာ သုံးခဲ့ကြသည်ဖြစ်၍ထိုအမှားများကိုပြုပြင်၍ ခေတ်သစ်၊ စနစ်သစ်ဖြင့် လေ့ကျင့်မှန်ကို ကူးပြောင်းပေးရန်လိုအပ်ပါသည်။

ယခုအခါတွင် အသုံးပြုသော သွားတိုက်ဆေးသည် ဖလူလိုရိုဒ်ပါရှိပြီး သွားတိုက်တံကို သွားမျက်နှာပြင်၌ ၄၅ ရာခိုင်နှုန်း စောင်းထားရှိပြီး အပေါ်သွားဆိုလျှင် အောက်သို့လှဲချခြင်း၊ အောက်သွားဆို အပေါ်သို့လှန်တိုက်ခြင်းဖြင့် သွားတိုက်သည့်ပုံစံ ပြောင်းလဲလာခဲ့ပါသည်။ သွားမျက်နှာပြင်အနှံ့ တိုက်ရန်သွားတိုက်သည့်အချိန်သည် အနည်းဆုံး သုံးမိနစ်ကြာသင့်ကြောင်း၊ သွားကောင်းစေချင်သောဆန္ဒနှင့်ကြမ်းတမ်းစွာ အားစိုက်မတိုက်သင့်ကြောင်း၊ သွားတိုက်တံကို မိသားစုဖြစ်လင့်ကစား ရောယှက်မသုံးသင့်ကြောင်း၊ သွားတိုက်တံကို ခြောက်သွေ့အောင် ထားရှိသင့်ကြောင်း၊ အသုံးပြုသော သွားတိုက်တံကိုလည်း မပျက်မစီးချင်းသုံးခြင်းသည် မှားနေကြောင်း၊ အနည်းဆုံးသုံးလခန့်သာသုံးသင့်ကြောင်း၊ ကလေးများ သွားတိုက်ဆေးအသုံးပြုလျှင် အနည်းငယ်သာထည့်သုံးသင့်ကြောင်း၊ သွားတိုက်ရုံတင်မက လျှာမျက်နှာပြင်ပေါ်ပါ တိုက်ပေးသင့်ကြောင်း၊ သွားတိုက်၍ မသန့်စင်နိုင်ပါက သွားကြိုသွားကြားရှိ စားကြွင်းစားကျန်များကို သွားကြားပွတ်ကြိုး (Dental Floss)ကို သုံး၍ ဖယ်ရှားသင့်ကြောင်း၊ သွားတိုက်ရမည့်အချိန်သည် ညအိပ်ရာမဝင်မီ အစာစားပြီးတစ်ကြိမ်နှင့် နံနက်အိပ်ရာထ အစာစားပြီးတစ်ကြိမ် တိုက်သင့်ကြောင်း ပြောင်းလဲလာပါသည်။ ရေချိုးခန်းနှင့်ရေအိမ်(Toilet) တွဲထားရသောအခြေအနေတွင် သွားတိုက်တံကို ရေအိမ်နှင့် ခြောက်ပေအကွာတွင် ထားရှိသင့်ကြောင်းလည်း အကြံပြုလာပါသည်။ ပြောင်းလဲမှုကိုအသိအမှတ်ပြု၍ လေ့ကျင့်ပျိုးထောင်လျှင် သွားတိုက်ခြင်းထက် ပို၍ ကောင်းမွန်သော အစားထိုးရောဂါ ကုသနည်းများမရှိနိုင်တော့ပါ။ ပြောရလွယ်ပြီးလုပ်ရခြင်းက ခက်နေခြင်းဖြစ်သည်။ ထိုခက်ခဲမှုသည် ပျင်းရိခြင်းနှင့်အရေးမကြီးပါဘူးဟူသော ခံစားချက်များကြောင့်ဖြစ်သည်။

ပြောင်းလဲခြင်းကို သိရှိခြင်းကြောင့် အစဉ်အလာအဟောင်းယုံကြည်သောထင်မြင်ယူဆချက်များပယ်ဖျက်၍ နည်းသစ်၊ စနစ်သစ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် မွေးကတည်းက ကောင်းမွန်စွာပါလာသော သွားသည် သက်တမ်းစေ့စွာ ထိထိရောက်ရောက် အသုံးပြုနိုင်ပြီး သွားဘက်ဆိုင်ရာ ရောဂါဝေဒနာများနှင့် ဝေးလာပါလိမ့်မည်။

ပြုံးပြုံးလေးလှ--လှလှလေးပြုံးဖို့---။
ပြုံးအနောက်က--ကောင်းသောသွားရှိမှ---။
မျက်နှာလည်းလှ--သွားလည်းလှမှာမို့---
စနစ်မှန်၊ အချိန်မှန် သွားတိုက်ပေးကြပါစို့---။

ပူတာအိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်သည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပူတာအိုလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့် တိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပူတာအိုမြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပူတာအိုမြို့နယ် စမ်းသပ်ဂျုံစိုက်ခင်းသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ပူတာအိုမြို့နယ် နည်းပညာသိပ္ပံနှင့် နည်းပညာအထက်တန်းကျောင်း တည်ဆောက်ရေးစီမံကိန်း၌ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မချမ်းဘောမြို့နယ် နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် မချမ်းဘောမြို့နယ် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော် ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မူလာရှီဒီးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှူငယ်(ရေကြောင်း)အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

လှူငယ်(ရေကြောင်း)သင်္ဘာမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း(အရှေ့ဘက်မုခ်)ရှိ ပအိုဝ်းမွှာရုံ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ငွေနှင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းပူဇော်ကန်တော့ကြသည်။

(အပေါ်ပုံ)

ဆက်လက်၍ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဦးခင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးခင်မောင်သောင်း၊ ဒေါ်သန်းရီတို့က ဩဝါဒစကား ပြောကြားကာ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်မမချိုက ကျေးဇူးတင်စကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးအောင်ချိုမင်းက ငွေစာရင်းရှင်းတမ်း ဖတ်ကြားတင်ပြကာ ကျောင်းသားဟောင်း ဦးအေးလင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းဘာသာစုံ ပထမဆုရရှိသူ မဆုသက်ထားအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံတကာရှိ Air Line, Hotel & Cruise များတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်း အပတ်စဉ် အသစ်ကို ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK) နှင့် Educational Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

နိုင်ငံတကာ ဟိုတယ်ကြီးများတွင် အလုပ်အကိုင် ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးပြီး လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre interview များကို လေ့ကျင့်ပေးသည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ် လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်း အပတ်စဉ်အသစ်နှင့် IELTS Foundation Courseနှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၂ ရက်က အမက(၂၂) တာမွေ၌ ဘက်စုံပညာရည်ချွန်ဆုပေးပွဲနှင့် မာတိမိဒီယာဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြကျောင်း(ပထမဆု)နှင့် ကျောင်းကျန်းမာရေးပညာပေးနှင့် လှုပ်ရှားမှုအကောင်းဆုံး (ပထမဆု) ရရှိအောင် ဆောင်ရွက်ခဲ့သော ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

FIRST TO FIFTH BATCH (B.A,Law, L.L.B) ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ် (၂၀)မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ ရက် နံနက် ၉နာရီတွင် တက္ကသိုလ်များမွှာရုံ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဦးအေးသောင်း ဖုန်း-၇၃၀၀၄၄၉၃၊ ၀၁-၃၈၈၂၄၄(လိုင်းခွဲ ၁၁၃/၃၁၃)၊ ဒေါ်ဝေဝေကြည် ဖုန်း-၀၁-၆၆၀၂၆၀၊ ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁၂၄၈၆၈၊ ဒေါ်ခင်ဆွေ ဖုန်း-၀၁-၅၀၁၂၄၉၊ ဦးတင်သောင်း ဖုန်း-၀၉-၉၉၂၄၉၆၀၊ ဒေါ်သန်းသန်း ဖုန်း-၀၁-၅၅၉၉၀၂၊ ဒေါ်ခင်ဝင်း ဖုန်း-၀၆၇-၃၀၁၄၉၊ ဒေါ်ခင်ငြိမ်းဌေး ဖုန်း-၀၁-၃၉၂၃၉၄နှင့် ဦးမြင့်ဝေ ဖုန်း-၀၂-၃၃၇၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ဖြူးမြို့ ဘူတာတောင်ရပ်ကွက် သမ္ဗုတရပ် ဘုရားကြီးအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၇ ရက်က ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော ဈေးမီးဘေးလုံခြုံရေး၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘုတလင်မြို့ မြဝတီရပ်ကွက် ရေစက်ရုံတွင် ရေဂါလန် ၈၀၀ ဆံ့ သံကန် တိုးချဲ့ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးစိုးလွင် ဖေဖော်ဝါရီ ၅ရက်က စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျောက်တလုံး-လက်ပံဇင်ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာနှင့် ခေတ္တအမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



အင်ပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ထူးကြီး-ရွှေကျင် လမ်းပေါ်ရှိ တံတားအမှတ်(၂)တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော Victory Myanmar Group Co.,Ltd. ၏ အကျိုးတူစီးပွားဖက်ကုန်သည်ကြီးများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ရောင်းအား အမြင့်ဆုံး၊ ဝန်ဆောင်မှုအကောင်းဆုံးဆိုင်များအား ရွှေသားဆုပေးအပ်ခြင်း၊ ထုတ်ကုန်ပစ္စည်း အမယ်သစ်ငါးမျိုး (Mandalay Hi-5) အား မိတ်ဆက်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က မန္တလေးမြို့ Mandalay Hill Resort Hotel ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးလမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (စကားအင်း-တံတားဦး-ဒုဋ္ဌဝတီ-မန္တလေးအပိုင်း) မိုင်တိုင်အမှတ်(၃၅၈/၁)နှင့်(၃၅၈/၂)အကြား၌ ကွန်ကရစ်လမ်းခင်းစက်ဖြင့် ကွန်ကရစ်ခင်းနေမှု၊ မိုင်တိုင်အမှတ်(၃၅၈/၄)နှင့် (၃၅၈/၅)အကြား စက်ယန္တရားများဖြင့် လမ်းသားသိပ်သည်းမှုရရှိအောင် ခင်းကြိတ်နေမှုတို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၃၆၀/၀)နှင့် (၃၆၀/၁)အကြား၌ အရှည်ပေ ၆၀၀ ရှိ သံကူကွန်ကရစ်အမျိုးအစား သံမဏိသံပေါင်ရက်မ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်နေသည့် မြစ်ဆွတ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘိုးပိုင်လုပ်ငန်းများ၊ ချဉ်းကပ်တိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Box Culvert များ တည်ဆောက်နေမှုနှင့် တံတားများတည်ဆောက်နေမှုတို့ကို လည်းကောင်း၊ အရှည်ပေ ၁၂၀ ရှိ သံမဏိသံပေါင်ရက်မ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်နေသည့် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်း ခုံးကျော်တံတား တည်ဆောက်နေမှုနှင့် အရှည်ပေ ၉၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ရန်ကုန်-မန္တလေး မီးရထားလမ်းခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် ဆုံသည့် တံခွန်တိုင်တံတားနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ဆုံမည့်နေရာ၌ အဝိုင်းပတ်လမ်း ဆောင်ရွက်မည့်ပုံစံကို မြေပုံပေါ်၌ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး မော်လမြိုင်မြို့ သံလွင်ငါးဈေးစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် မော်လမြိုင်မြို့ရှိ သံလွင်ငါးဈေးသို့ သွားရောက်စစ်ဆေးပြီး ငါးဒိုင်များအား ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရောဂါပိုးမွှားများနှင့် ဓာတုဓာတ်ကြွင်းများ မပါရှိစေရေးနှင့် လုပ်ငန်းလိုင်စင်များ စနစ်တကျချိတ်ဆွဲထားရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေ မော်လမြိုင်မြို့ရှိ သံလွင်ငါးဈေး၌ ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်နယ်ပြန်/ဆက်)

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ ရက် နံနက် ၉ နာရီတွင် M 3 Food Center Ruby Hall ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ရမည်းသင်းမြို့နယ်သူ၊ မြို့နယ်သားများ၏ သား၊ သမီးများ စာရင်းကို သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ မတ် ၁၅ ရက်နောက်ဆုံးထား၍ အမှတ်(၉၆) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ ညအပူချိန်တိုးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက်၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကယားပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၅ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** မြိတ်မြို့တွင် သုည ဒသမ ၁၆ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၅ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄း၂၅ ၇။ ဇာတ်လမ်းတို
- ၄း၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၄၅ ၁၀။ အိုင်စီတီသုတ
- ၄း၅၅ ၁၁။ မီးသတိပေးနှိုးဆော်ချက်
- ၅း၂၅ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့်တောတွင်းတိရစ္ဆာန်များ-မိုးမြင့်ထက်က လင်းယုန် (အပိုင်း-၁)
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၆။ "ရွှေ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၇။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ဖြူစင်သောအားမာန် (အပိုင်း-၄၁)**
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက်(၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ စိုက်ပျိုးသုတ
- ၂၆။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၂၇။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ရင်၌တည်သောသစ္စာ (အပိုင်း-၇)**
- ၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၃၀။ သင့်အတွက်မနက်ဖြန်
- ၃၁။ အပိတ်နှုတ်ဆက်စကား
- ၃၂။ ပြီးပါပြီ။

University of Sunderland မှ ချီးမြှင့်သည့် B.A (Hons.) နောက်ဆုံးနှစ် သင်ယူနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

STI Education သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Logistics Management, Supply Chain Management, Human Resources Management, Teacher Training, Hospitality & Tourism Management, Banking & Finance, Business Management စသည့် ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာ ဘာသာရပ်အမျိုးမျိုး သင်ကြားပို့ချလျက်ရှိသည်။ STI မှ အဆင့်မြင့်ဒီပလိုမာ အောင်မြင်ပြီးစီးသူများအနေနှင့် Sunderland တက္ကသိုလ်၏ B.A (Hons.) in Business Management ၏ နောက်ဆုံးနှစ်ကို သင်ယူနိုင်သည်။ ယင်းအစီအစဉ်သည် အင်္ဂလန်နိုင်ငံ Sunderland တက္ကသိုလ်၏ B.A (Hons.) ကို ပြည်တွင်း၌ သင်ယူနိုင်သည့် ပထမဆုံးနှင့် တစ်ခုတည်းသော အစီအစဉ်ဖြစ်သည်။

ယင်းဘွဲ့ကို University of Sunderland, UK မှ ချီးမြှင့်မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ Sunderland တက္ကသိုလ်မှ တိုက်ရိုက်သင်ကြားမည်ဖြစ်သည်။ သင်ကြားသည့် ဘာသာရပ်များမှာ Strategic Management Accounting, Strategic Management of Human Resources, Marketing Strategy, Managing Projects, Strategic Management, Contemporary Developments in Business Managementတို့ ဖြစ်ပြီး တစ်နှစ်မှ သုံးနှစ်အတွင်း မိမိစိတ်တိုင်းကျ အွန်လိုင်းမှ သင်ယူနိုင်သည်။ ယင်းနောက်ဆုံးနှစ်တက်ရောက် လိုသူများအနေဖြင့် အင်္ဂလိပ်ဘာသာ သတ်မှတ်အရည်အချင်း ပြည့်မီရမည် ဖြစ်သည်။ မပြည့်မီသူများအနေဖြင့် STI ၌ English Foundation Program တက်ရောက်ရမည်ဖြစ်သည်။ Intake အားဖြင့် Jan, April, July , Oct လေးခုရှိသည်။

April Intake တွင် စတင်တက်ရောက်လိုသူများအနေနှင့် ဖေဖော်ဝါရီလနှင့် မတ်လဆန်းတွင် STI ၌ လျှောက်ထားနိုင်သည်။

Sunderland တက္ကသိုလ်၏ B.A (Hons.) အောင်မြင်ပြီးသူများအနေဖြင့် STI ၌ University of Bradford ၏ MBA ကိုလည်းကောင်း၊ University of Sunderland ၏ MBA ကို လည်းကောင်း ဆက်လက်၍ သင်ကြားနိုင်သည်။

အသေးစိတ် သိရှိလိုပါက STI Education အမှတ် (၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင်(၄) အခန်း (၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့ လည်းကောင်း၊ ဖုန်း-၇၀၀၂၇၃နှင့် ၅၀၇၀၄၈ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်း ဆွေးနွေးမေးမြန်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် တောင်ဥက္ကလာ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

အညာသီးနှံ ချည်မျှင်ရှည်ဝါစိုက်ခင်းတွင် ကြားညှပ်စိုက်ပျိုးထားသည့် ပဲသီးနှံပျိုးပင်များ။

❂ ကျောဖုံးမှ

"စပျစ်ကို မြေအောက်ရေချိုသွင်း စိုက်ကြရပါတယ်၊ သက်တမ်းက ခုနစ်နှစ်မှ နှစ် ၂၀ အထိရှိပါတယ်၊ ဒီခြံက ခုနစ်နှစ်ရှိနေပြီ" ခြံရှင် ကိုမဂျစ်(ခ)ကိုဇော်လွင်က ပြောပြသည်။ "စပျစ်ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပြည်နှင့် တရုတ်နယ်စပ်မူဆယ်ဒေသတွေအထိ ကား၊ ရထားနဲ့ တင်ပို့ကြပါတယ်။"

အညာကျေးလက်နေ တောင်သူများသည် လယ်ယာလုပ်ငန်းခွင်သာမက၊ ကျွမ်းကျင်ရာ ပန်းပဲပညာရပ်ဖြစ်သော ဓားလုပ်ငန်း၊ သံထည်လုပ်ငန်း၊ လက်မှုပညာရပ်ဖြစ်သော ဖျာကြမ်း၊ တောင်း၊ ခြင်း၊ ပလုံး၊ ဆန်ခါရက်လုပ်မှုများကိုလည်း ပူးတွဲလုပ်ကိုင် အသက်မွေးဝမ်းကျောင်းလျက်ရှိကြသည်။

တမာနံ့သင်းသော အညာမြေ၏ဝန်းကျင်မှာ မန်ကျည်း၊ ကုက္ကို၊ ထနောင်းပင်တွေ အုပ်ဆိုင်းနေကြသည်။ ဒေသထွက် ဝါ၊ နှမ်း၊ ပဲ၊ ငရုတ်၊ ကြက်သွန်တွေလှိုင်လှိုင်ပေါ်ချိန်တွင် တောင်သူများ ဝင်ငွေကောင်းကြကြောင်း တင်ပြလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းလျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ ရောဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊သွပ်၊ သွပ်ရိုက်သံ၊ ရေဒီယိုကက်ဆက်နှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဘုရားကုန်း-ရေကျော်ချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ငါးသိုင်းချောင်းမြို့နယ် ကမ်းနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ကာ ကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် အင်္ဂပူမြို့နယ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ အရာရှိ၊ စစ်သည်များအား တွေ့ဆုံပြီး အားကစားပစ္စည်းများ ပေးအပ်သည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာရှိ ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးပြီး တိုင်းစစ်ဌာနချုပ်၌ ကျင်းပသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆုရအသင်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က ပေါင်မြို့နယ် မြေစာရင်းဦးစီးဌာန ခန်းမ၌ ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

မတ်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တွဲသည့်လက်များ ခိုင်မြဲထားဖြစ်သော ကျောင်းသား၊ ကျောင်းသူကလေးတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ ကောင်းထက်ချောချစ်(ကသာမြေ)၊ ရွှေစင်(ပေါက်ခေါင်း)တို့၏ ကဗျာများ၊ တင်အောင်နီ၊ သန့်စင်၊ အောင်အောင်ထွေး၊ အကိန်း၊ သိက္ခာ၊ ပန်းချီ ဝဏ္ဏအောင်တို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေး လက်ရာမြောက် ကာတွန်းများ၊ ဒေါက်တာသန့်စင်နှင့် ကိုချစ်စရာတို့၏ ဆောင်းပါးများ၊ ဦးစော၏ ပုံပြင်ရှည်၊ Waddi Oo ၏ English For Tayza ကဏ္ဍ၊ စိုးဆက်၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများ၊ ယဉ်မင်း၏ ဝက်ပါမှာ အဖြေရှာ ကဏ္ဍလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံး ပြိုင်ပွဲဆုရစာရင်းနှင့် ပထမဆုရ ကျောင်းသူကလေး မခင်ဆုဝေ၏ ဆုရ စာစီစာကုံးပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁)(၃၂)လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တဏှာသင်္ခါယသုတ်"တရားတော် (ဆရာတော်ဦးဃောသိတ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၂)**
- ၈း၄၀ မဟာမြမုနိရုံသီအိမ်တော်ရာစေတီ၏ ခြိမ့်ခြိမ့်သဲဆင်နွှဲ ဗုဒ္ဓပူဇနီယပူဇော်ပွဲ
- ၈း၅၅ အကယ်ရွာမကျေးရွာ(၁၆)ခုတင်ဆံ့ ဆေးရုံအုတ်မြစ်ချမင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနား
- ၉း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉း၃၅ Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၈)
- ၁၀း၀၅ သုံးစွဲသူများ ပီတိဖြစ်စေမည် "Delight Trading"
- ၁၀း၂၀ မန္တလေးမြို့မှတိတ်ဆိတ်ခြင်း၏ ခွန်အားများ
- ၁၀း၄၅ ဖက်ရှင်လမ်းညွှန် (မင်္ဂလာပြက္ခဒိန်အထူးအစီအစဉ်) (ပြည်စိုးအောင်)
- ၁၁း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့. . . (ပြန်လည်သန့်စွမ်းရေးနှင့်ထူထောင်ရေးလုပ်ငန်းများစွမ်းအားမြှင့်တင်ရေး စီမံကိန်း)
- ၁၂း၃၀ အံ့ဖွယ်ထူးခြား. . . မြန်မာ့အနုလက်ရာ. . . တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား
- ၁း၀၀ "တဏှာသင်္ခါယသုတ်"တရားတော် (ဆရာတော်ဦးဃောသိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၅ Activities In The City [(၇၂)ကြိမ်မြောက်ပညာရည်ချွန်၊ ထူးချွန်ဆုနှင့် သက်ကြီးပူဇော်ပွဲ၊ ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)]
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၅)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၂)**
- ၄း၅၅ အတုအပကင်းစေဖို့ 3 D Hologram သုံးကြစို့
- ၅း၂၀ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Olay ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၆)**
- ၇း၂၀ Myanmar Casual Wear Super Star Singing Contest (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကျွဲအလင်းဝေဖြာ တိုက်နယ်ညောင်ကျိုးမှာ
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၃)**
- ၁၀း၁၀ ဂီတသရုပ်ပြခန်း (အိန်အိန်း- မတူညီတဲ့ရောစပ်ခြင်း)
- ၁၀း၄၀ ပီတိလွှမ်းခြုံ အ. ထ. က(၁) မြင်းခြံရဲ့အာစရိယဂုဏ်
- ၁၀း၅၅ VJ Choice
- ၁၁း၂၀ တစ်နေရာထဲပြီးပြည့်စုံစေမှာ. . . Ginger
- ၁၁း၄၀ World of Knowledge (World Cyber Games)
- ၁၂း၂၅ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၁၂း၄၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလန်းဝေဖြာမဟူရာ)
- ၁၂း၅၅ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
- ၁း၀၅ RO ဆိုတဲ့ KTM
- ၁း၃၀ ၂၅ မိုင် ဖိမ်နဲ့ထိုင်နင်းစရာမလိုတဲ့ စက်ဘီး (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး၊ ဦးစိုးနီ) [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
- ၁း၄၀ နေပြည်တော်ကမ္ဘာ့ဇဘဏ်နှင့် ဘဏ်ခွဲများ၏ဝန်ဆောင်မှုလုပ်ငန်းများ
- ၂း၀၅ ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
- ၂း၁၅ ဒွိတိုင်းဌာနီဧရာဝတီ (ကြက်၊ ဘဲ၊ ဝက်၊ ငါးမွေးမြူရေး လုပ်ငန်းများ)
- ၂း၃၀ လေ့လာသင်ကြားစရာ သံစဥ်မဲ့ဘာသာ
- ၂း၄၅ အိုက်ကီဒိုနှင့်သမီးပျို
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား [အကွာအဝေးရရန် အဓိက သော့ချက် (၇)ချက်)]
- ၄း၁၀ သာသနာတော်ထွန်းကား အလှူတရားဖြာဝေထားဝယ်မြေ
- ၄း၃၅ လောကအလင်းရောင်ဝိပဿနာ ဉာဏ်တန်ဆောင်
- ၄း၄၅ သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျောင်းမှတ်ပုံတင်ကြေးအခမဲ့ဖြင့် စင်ကာပူအစိုးရ အင်ဂျင်နီယာဒီပလိုမာ ဝင်ခွင့်စာမေးပွဲ Future Way Co., Ltd. ၌ လျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံရှိ ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းကြီးတစ်ခုဖြစ်သော Future Way Co., Ltd. နှင့် စင်ကာပူအစိုးရ အင်ဂျင်နီယာကျောင်းတစ်ခု ဖြစ်သည့် BCA Academy တို့ ပူးပေါင်း၍ ကျောင်းဝင်ခွင့်စာမေးပွဲကို မေလတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျောင်းမှတ်ပုံတင်ကြေး အခမဲ့ဖြင့် စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဝင်ရောက်ဖြေဆိုရန် လျှောက်ထားကြသူများအနက်မှ ကျောင်းသား၊ ကျောင်းသူ ၅၀ တို့အား ကျောင်းမှတ်ပုံတင်ကြေး ပေးသွင်းရန်မလိုဘဲ ဖြေဆိုခွင့်ကို ရွေးချယ်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ယခုကဲ့သို့ မှတ်ပုံတင်ကြေး အခမဲ့ဖြင့် ဝင်ရောက်ဖြေဆိုခွင့်ပြုမည့် အစီအစဉ်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း Future Way Co., Ltd. မှ သိရသည်။ ဖြေဆိုလိုသူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မတ် ၁၉ ရက် မတိုင်မီ နောက်ဆုံးထား၍ Future Way Co., Ltd. တွင် လာရောက်လျှောက်ထားနိုင်သည်။ ဝင်ခွင့်ဖြေဆိုရန် လျှောက်ထားကြသူများ အနေဖြင့် အင်္ဂလိပ်စာ အရည်အချင်းစစ် IELTS, TOEFL ရမှတ်များရှိရန်မလိုဘဲ အခြေခံပညာ ၁၀ တန်း (သို့) GCE '0' Level (၃-ဘာသာ) အောင်မြင်ထားရုံဖြင့် (အမှတ်စာရင်း အနည်းအများမလိုဘဲ) ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရှိရသည်။ ဝင်ခွင့်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ပါက BCA Academy မှ ကျောင်းလခ ၆၀ရာခိုင်နှုန်းကို ပညာသင်ထောက်ပံ့ကြေးအနေဖြင့် ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ ဝင်ခွင့်အောင်မြင်ရန်အတွက် မေးခွန်းဟောင်းများဖြင့် သင်ကြားပေးမည့် အထူးမွမ်းမံ(ရက်တို) သင်တန်းကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

BCA Academy သည် စင်ကာပူ ဆောက်လုပ်ရေး အာဏာပိုင်အဖွဲ့အစည်းမှ ဖွင့်လှစ်ထားသော အင်ဂျင်နီယာ ဘာသာရပ်များကိုသာ သီးသန့်သင်ကြားပေးသည့်ကျောင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာတွေ့၊ လက်တွေ့သင်ကြားရမည့် အပြင် လုပ်ငန်းခွင်များတွင် အလုပ်သင်အနေဖြင့် ဝင်ရောက်လုပ်ကိုင်ရမည့် အခွင့်အရေးပါ ရရှိမည်ဖြစ်သည်။ ကျောင်းပြီးပါကလည်း အလုပ်အကိုင်အခွင့်အလမ်းများပြားပြီး ကမ္ဘာ့တက္ကသိုလ်ကြီးများသို့ပါ ဆက်လက်ပညာဆည်းပူးလေ့လာနိုင်ကြောင်း သိရှိရသည်။ ဖြေဆိုရန် စိတ်ဝင်စားသူများအနေဖြင့် Future Way Co., Ltd. အမှတ်(၉) အခန်းအမှတ် (၆-က) ယောမင်းကြီးလမ်းသွယ် (သမ္မတရုပ်ရှင်ရုံဘေး) သမ္မတကွန်ဒို ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၁၀၉၉ နှင့် ၂၅၄၁၈၅ တို့သို့ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ထားဝယ်အသင်း၏ (၈၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ Ph.D ပါရဂူ ဘွဲ့ရရှိသူများ ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကန်တော်ကြီးဝင်း မဟာမြိုင်ကွျန်းရှိ Western Park Royal ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများစားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စီမံထားသောအစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသောအစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

ကျောက်နီမော် ဒီရေတောအတွင်း ပုစွန်သားပေါက်မျိုးစိုက်ထည့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ့ပင်လယ်ပြင်ရေသယံဇာတ တိုးပွားရေးနှင့်ငါးလုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက်တွင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကျောက်နီမော်ကျေးရွာ၌ ရေငန်ပုစွန်ကျား သားပေါက်ကောင်ရေ ၁၅ ဒသမ ၆ သိန်းမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပရာ ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းက ရေငန်ပုစွန်ကျားသားပေါက်များအား လွှဲပြောင်းပေးအပ်ပြီး ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်တို့က ရေငန်ပုစွန်ကျားသားပေါက်များ မျိုးမပြုန်းတီးစေရေးအတွက် မြန်မာ့ပင်လယ်ပြင်တွင်း မျိုးစိုက်ထည့်ရခြင်းအကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ထားဝယ်ခရိုင်နှင့် လောင်းလုံမြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ဒေသခံ ရေလုပ်သားများ စုစုပေါင်းအင်အား ၂၅၀ က ကျောက်နီမော်ချောင်း ဒီရေတောအတွင်းသို့ ရေငန်ပုစွန်ကျားသားပေါက်များအား စုပေါင်းမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(ယာပုံ)** (ကြေးမုံ)

25-2)09.pmd 1 2/25/2011, 2:36 AM

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခဲ့ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ၁၃၇၂ခုနှစ် တပေါင်းလပြည့်နေ့၊ မတ် ၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဒ္ဓ မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်၍ ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ မတ် ၁၅ ရက်ထက်မစော၊ ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်၊ မတ် ၁၆ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်ပါမည့်အကြောင်း ပင့်စာနှင့်ဖိတ်စာများဖြင့် ပင့်လျှောက် ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ ပင့်စာနှင့် ဖိတ်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် နေပြည်တော်သို့ ကြွရောက်တော်မူရန် ပင့်လျှောက် ဖိတ်ကြားပါကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနက စာအုပ်ထုတ်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေ့စဉ်ထုတ်သတင်းစာများတွင် ရေးသားဖော်ပြထားပြီးဖြစ်သည့် " လောကလူသားများအား လိမ္မာယဉ်ကျေးစေရန် ရည်ရွယ်ဟောကြားထားသော မြတ်ဗုဒ္ဓ၏ တရားစုများ"(ပထမတွဲ)စာအုပ် (မြန်မာ၊ အင်္ဂလိပ်)နှစ်အုပ်ကို သာသနာရေးဝန်ကြီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်က ထုတ်ဝေထားကြောင်း သိရသည်။

အဆိုပါစာအုပ်များတွင် လူ့ကျင့်ဝတ်များ၊ ရဟန်းကျင့်ဝတ်များ၊ မေတ္တာအကျိုး၊ မြန်မာတို့၏ ဆိုရိုးစကား၊ စကားကြီး(၁၀)မျိုး၊ ဆရာတော်ကြီးများ၏ ဆုံးမသြဝါဒများ၊ (၃၈)ဖြာမင်္ဂလာအစရှိသည့် အကြောင်းအရာများ စုံလင်စွာပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၇ ရက်က မရမ်းကုန်းမြို့နယ် ဘက်စုံထက်မြက်ထူးချွန်ဆုပေးပွဲ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီးဦးအောင်သန်းဌွေ မြို့နယ်မူလတန်းအဆင့် ကျောင်းလုပ်ငန်းထူးချွန်ပထမဆုနှင့် စာပေသင်ကြားရေး အကောင်းဆုံးဆုရရှိသော အမက(၉) မရမ်းကုန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြီးမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (ကြေးမုံ)

(၃၃)ကြိမ်မြောက် ပြည်နယ်/တိုင်းဒေသကြီး အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် (၃၃)ကြိမ်မြောက် ပြည်နယ်/တိုင်းဒေသကြီး အသင်းလိုက်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၈ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉)မိုင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ (အကျော့မဲ့)နှင့် တစ်ဦးချင်းပြိုင်ပွဲ (အကျော့မဲ့) အဆင့်ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ အသင်းခေါင်းဆောင်များနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အစည်းအဝေးကို မတ် ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မြန်မာဂေါက်ကလပ် (၉)မိုင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၀၇၈၅၄၄ နှင့် ၀၁-၆၅၁၃၇၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပထမအကျော့ပွဲစဉ်များ ပြီးဆုံး မန်ယူသရေကျကာ ဘိုင်ယန်မြူးနစ် အဝေးကွင်းနိုင်ပွဲရ

မီလန် ဖေဖော်ဝါရီ ၂၄

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက် ပထမအကျော့၏ နောက်ဆုံးပွဲစဉ်များကို ကြာသပတေးနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာမန်ယူအသင်းသရေကျခဲ့ပြီးဘိုင်ယန်မြူးနစ်မှာ အဝေးကွင်းနိုင်ပွဲရခဲ့သည်။

မန်ယူသရေကျ

အိမ်ရှင် မာဆေးလ်အသင်းတွင် ဟိန့်ဇ်၊ ဖန်နီ၊ ကာဘိုး၊ ဆစ်စီ၊ ဘရန်ဒါအို၊ ဂွန်ဇာလက်ဇ်၊ အရှူး၊ ရမ်မီစသည့် အမာခံကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ဒဏ်ရာရကစားသမားများနေသည့် မန်ယူတွင်မူ ဗန်ဒါဆား၊ ဗီဒစ်၊ စမောလင်း၊ အီဗရာ၊ အိုရှီးယား၊ မိုက်ကယ်ကာရစ်၊ ဖလက်ချာ၊ ဂစ်ဘ်ဆင်၊ နာနီ၊ ဝိန်းရွန်နေးနှင့် ဘာဘာတော့ဗ်တို့ ပါဝင်လာခဲ့သည်။

ယခုပွဲတွင် မန်ယူအသင်း၏ ကွင်းလယ်ပိုင်းမှာအားရစရာမရှိသကဲ့သို့ တိုက်စစ်ပိုင်းကိုထိရောက်သည့်ပံ့ပိုးမှုမျိုးလည်းမပြုလုပ်နိုင်ခဲ့ပေ။ အိမ်ရှင်မာဆေးလ်အသင်းသည် မန်ယူအသင်း၏ကစားပုံလေးလံနှေးကွေးနေမှုကို အခွင့်ကောင်းယူ၍ မန်ယူဘက်သို့ ဖိအားပေးတိုက်စစ်ဆင်ခဲ့သော်လည်း ဗီဒစ်နှင့် စမောလင်းတို့၏ ခံစစ်ကို မကျော်နိုင်ခဲ့ပေ။ ဒုတိယပိုင်းမိနစ် ၂၀ နောက်ပိုင်းတွင်မာဆေးလ်အသင်းကစားအားကျသွားသော်လည်း မန်ယူအသင်းအနေဖြင့် ကစားအားမြှင့်တင်လာခြင်းမရှိဘဲ ထိန်းကစားခဲ့၍ ဂိုးမရှိ သရေဖြင့်သာ အဆုံးသတ်ခဲ့ရသည်။

ဘိုင်ယန်နိုင်ပွဲရ

အီတလီမြေ ဆန်စီရိုကွင်းတွင်ကစားခဲ့သည့် အင်တာမီလန်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် ဧည့်သည် ဘိုင်ယန်မြူးနစ်က ပွဲချိန်မိနစ် ၉၀တွင် မာရီယိုဂိုမက်ဇ် သွင်းသည့် ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။ ယင်းဂိုးမှာ ညာတောင်ပံကစားသမား ရော့ဘင်က ဂိုးစည်းအပြင်မှ ဘယ်ခြေဖြင့် အပြင်းကန်သွင်းမှုကို အင်တာမီလန်ဂိုးသမား ဂျူလီယိုဆီဇာကာကွယ်ရာမှ ပြန်အန်ထွက်လာသည့် ဘောလုံးကို ဘိုင်ယန်မြူးနစ် ကစားသမားမာရီယိုဂိုမက်ဇ်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲတွင် အင်တာမီလန်အသင်း၌ ဂျူလီယိုဆီဇာ၊ လူစီယို၊ ချီဗူး၊ မိုင်ကွန်၊ မော့တာ၊ ကမ်ဘီယာဆို၊ ဇနက်တီ၊ အီတူး၊ ရှနိုက်ဒါ၊ စတန်ကိုဗစ် စသည့် အဓိက ကစားသမားများ စုံလင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းတွင် ပရန်ဂျစ်၊ ဖိလစ်လမ်း၊ ရှဝိန်းစတိုင်ဂါ၊ မာရီယိုဂိုမက်ဇ်၊ မူလား၊ ရီဘာရီ၊ ရော့ဘင် စသည့် အမာခံ ကစားသမားများ ပါဝင်ခဲ့ကြသည်။

ဘိုင်ယန်မြူးနစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မာရီယိုဂိုမက်ဇ် ဤကဲ့သို့ သွင်းယူခဲ့သည်။

ချန်ပီယံလိဂ် ၁၆သင်းအဆင့်ရှုံးထွက် ဒုတိယအကျော့၏ ပွဲစဉ်များအဖြစ် မတ် ၉ ရက် နံနက်ပိုင်းတွင် ဘာစီလိုနာနှင့် အာဆင်နယ်၊ ရှက်တာဒိုးနက်နှင့် ရိုးမား၊ မတ် ၁၀ ရက် နံနက်ပိုင်းတွင် ချော်ကေးနှင့် ဗလင်စီယာ၊ စပါးနှင့် အေစီမီလန်၊ မတ် ၁၆ ရက် နံနက်ပိုင်းတွင် ဘိုင်ယန်မြူးနစ်နှင့် အင်တာမီလန်၊ မန်ယူနှင့် မာဆေးလ်၊ မတ် ၁၇ ရက် နံနက်ပိုင်းတွင် ချယ်လ်ဆီးနှင့် ကိုပင်ဟေဂင်၊ ရီးယဲလ်မက်ဒရစ်နှင့် လိုင်ယွန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ပြည်သူ့ထံမှ ပေးစာများ

ယမကာဆိုင်တန်းများရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအနောက် ဘုရင့်နောင်လမ်းမဘေးတွင် အရက်ဖြူဆိုင်များ ဖွင့်လှစ်ရောင်းချနေပါသည်။ လူသွားစင်္ကြံပေါ်တွင် ခုံများခင်းကျင်းရောင်းချခြင်းကြောင့် လမ်းသွားလမ်းလာများအခက်အခဲရှိသည့်အပြင် ကြမ်းတမ်းစွာ အော်ဟစ်ပြောဆိုသံများ၊ စည်းကမ်းမဲ့အညစ်အကြေးစွန့်မှုများ၊ အကြော်အလှော် ညှော်နံ့များကြောင့်ပတ်ဝန်းကျင်နေသူများ နေ့စဉ်စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ကြပ်မတ်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

နောက်ဖေးလမ်းကြားအမှိုက်များစုပုံ

စာတည်းရှင့်-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ၂၉ လမ်း (အောက်လမ်း)နှင့် ရွှေဘုံသာလမ်း(အောက်လမ်း)နောက်ဖေးလမ်းကြားတွင် အမှိုက်များသည် မြေညီထပ်များ၏ တံခါးပေါက်များထိ စုပုံနေပါသည်။ ကြွက်၊ ခြင်၊ ယင်၊ ပိုးဟပ်၊ ကင်းခြေများများပေါက်ပွားပြီး အနံ့အသက်များလည်း ဆိုးရွားနေပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

သောက်ရေကန်အနီး စပါးကြိတ်ခွဲစက် စိစစ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာအုပ်စု ကွမ်းမိုး ဒိန်းကျေးရွာအုပ်စုအတွင်း တည်ဆောက်ထားသော ပုဂ္ဂလိကပိုင် စပါးကြိတ်ခွဲစက်သည် လူနေအိမ်များနှင့် နီးကပ်စွာတည်ဆောက်ထားပြီး နေ့/ည လည်ပတ်နေပါသဖြင့် ကျန်းမာရေးထိခိုက်လာနိုင်ခြင်း၊ စာသင်ချိန်နှင့် စာကျက်ချိန်တွင် စိတ်အနှောင့်အယှက် ဖြစ်လျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာ ရွာသူ/သားများ

လူကူးမျဉ်းကျားတွင်ခရီးသည်တင်ချ မပြုလုပ်စေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း-အင်းစိန် လမ်းမပေါ်ရှိ စံရိပ်ငြိမ်(၆)လမ်းထိပ်တွင် လမ်းဖြတ်ကူးသူများအတွက် လူကူးမျဉ်းကျား ထားရှိသော်လည်း မော်တော်ယာဉ်များ (လိုင်းကား)များသည် ကားဂိတ်မဟုတ်ဘဲ ခရီးသည်များ အတင်အချပြုလုပ်နေပါသဖြင့် လမ်းဖြတ်ကူးသူများ အန္တရာယ်ရှိပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းလိုသူ

လောင်စာဆီနှင့်အက်စစ်ရောင်းဝယ်မှု ကြပ်မတ်ပေးစေလို

စာတည်းရှင့်-

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ကြာနီကန်လမ်းဆုံအနီးတွင် တရားမဝင် စက်သုံးဆီအရောင်းဆိုင်နှင့် ရွှေချွတ်ဆိုင်တို့၌ လောင်စာဆီများ၊ အက်စစ်အပြင်းစားများကို သိုလှောင်အသုံးပြုရောင်းချလျက်ရှိရာ မီးဘေးအန္တရာယ်စိုးရိမ်ရသည့်အပြင် အက်စစ်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးကို ထိခိုက်စေပါသည်။

သို့ဖြစ်၍ အဆိုပါဆိုင်များအား လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာသန့်ရှင်းလိုသူ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

စည်းကမ်းမဲ့ ဘောလုံးကန်မှု တားမြစ်ပေးပါ

စာတည်းခင်ဗျား-

ပုဇွန်တောင်မြို့နယ် (၈)ရပ်ကွက် ရေကျော် ဒေါနလမ်းအတွင်းရှိ ရပ်ကွက်ရုံးအနီး၌ လူငယ်တစ်စုသည် လမ်းပိတ်ဆို့ကာ နေ့စဉ်နှင့်အမျှ ဘောလုံးကန်နေကြပါသည်။ လမ်း သွားလမ်းလာများအား ဘောလုံးထိမှန်ခြင်း၊ မိန်းကလေးများအား အော်ဟစ်နောက်ပြောင်ခြင်း၊ ကားအဝင်အထွက်များကို တားဆီးပိတ်ဆို့ထားခြင်းတို့ ပြုလုပ်နေပါသဖြင့် လမ်းအတွင်းနေထိုင်သူများအနေဖြင့် များစွာစိတ်အနှောင့်အယှက် ဖြစ်နေရ၍ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားတစ်ဦး**

ပန်းပဲထုသံဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက် ဗိုလ်သန်းထူးလမ်းတွင် ပန်းပဲရုံတစ်ရုံရှိရာ နေ့စဉ်ပန်းပဲထုသံများ၊ အိမ်သုံးမီတာဖြင့် ကျောက်စက်တိုက်သံများ၊ မော်တာလည်သံများ ဆူညံလျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

မိလ္လာပိုက်ပေါက်များပြုပြင်စေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ သာကေတမြို့နယ် ၁၀တောင် (၁၂)ရပ်ကွက် တက်လမ်း တိုက်နံပါတ်(၂)မှ မိလ္လာပိုက်များ ပေါက်ပြဲလျက်ရှိရာ အညစ်အကြေးနှင့်အနံ့ဆိုးများ ပျံ့နှံ့နေပါ၍ ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

လောင်စာဆီရောင်းဝယ် မီးဘေးစိုးရိမ်ဖွယ်

စာတည်းခင်ဗျား-

ဖျာပုံ မြို့မရပ်ကွက်များဖြစ်သော (၂)ရပ်ကွက်၊ (၄)ရပ်ကွက်၊ (၅)ရပ်ကွက်နှင့် (၆)ရပ်ကွက်တို့တွင် လောင်စာဆီများ ခင်းကျင်းရောင်းချလျက်ရှိရာ ပြည်သူများ မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ရပ်ကွက်အတွင်း လောင်စာဆီ ရောင်းချနေခြင်းကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပျော်ဘွယ်မြို့နယ်တွင် စိုက်ပျိုးသီးနှံအောင်မြင်ဖြစ်ထွန်း

ပျော်ဘွယ်မြို့နယ်တောင်ဘက် မိုးနံကုန်းကျေးရွာတွင် တောင်သူများ သီးနှံမျိုးစုံ စီးပွားဖြစ် စိုက်ပျိုးအောင်မြင်နေကြသဖြင့် ရိတ်သိမ်းခြွေလှေ့၊ ဆွတ်ခူး၊ သိမ်းဆည်း၊ ထုပ်ပိုး အလုပ်များကြသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မြင့်လွင်သိန်း (ပျော်ဘွယ်)

ထိုအထဲတွင် စပျစ်ခြံ၌ စပျစ်သီးခိုင်များ ပြွတ်သိပ်စွာ သီးသည်။ စိမ်းဖန့်ဖန့်သီးလုံးများ ပြွတ်နေသည်။ စပျစ်ခြံဘေးရှိ ကွမ်းခြံများတွင် ကွမ်းပင်လေးများသည် ဝါးတိုင်လေးများကြားတွင် အညွန့်တလူလူ တက်နေကြသည်။

“စပျစ်သီး ဒီနေ့ရောင်းဈေး အညိုသီး တစ်ပိဿာ ကျပ် ၁၆၀၀၊ အစိမ်းသီး ကျပ် ၁၂၀၀၊ အချွန်းသီး ကျပ် ၁၀၀၀ နှုန်း ပေါက်ပါတယ်”ဟု တောင်သူ ဦးမော်စီက ဖြေကြားသည်။ မိုးနံကုန်း၊ ကျီးရိုး၊ အုန်းပင်၊ ယုန်လေးကုန်း၊ ရွှေဒါး၊ ရွာတန်းအုပ်စုများတွင် စပျစ်ကို စိုက်ကြသည်။ “ပျော်ဘွယ်မြို့နယ်မှာ ၁၉၇၀ ခုနှစ်က စပျစ်စစိုက်ခဲ့ကြတာပါ။ အုန်းပင်ရွာက ဦးပေသီး၊ ဦးသံချောင်း၊ ဦးဖိုးရီ၊ နောက် ကျွန်တော်တို့ပါ စစိုက်ခဲ့ကြပါတယ်”ဟု စပျစ်သမိုင်း နောက်ခံကို ဦးပြုံးကျော်က ရှင်းပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

ဆီထွက်သီးနှံ နေကြာပန်းစိုက်ခင်းမှာ ငွားငွားစွင့်စွင့် ပွင့်ဖူးနေကြသည်။

ထူးခြားသည့် ညအပူချိန်များ

၂၄ - ၂ - ၂၀၁၁

ဟားခါး
၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၅ ဒီဂရီစင်တီဂရိတ်
ပူတာအို
၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၆ ဒီဂရီစင်တီဂရိတ်

အုန်းပင်ရွာထွက် စပျစ်အညိုသီးများ ပြွတ်ခဲသီးပွင့်နေသည်။

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့ ညနေ ၃ နာရီ ၀၀ မိနစ် ၃၂ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှတောင်ဘက် မိုင် ၂၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရမည်းသင်းမြို့၏ အနောက်တောင်ဘက် ငါးမိုင်ခန့် အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)